# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် မြန်မာပြည်တွင် စတင်ကျင်လည်လာခဲ့သည်။ Established in 1957

၁၃၅၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 October 2020 ၁၀၁၆၅


## အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တိုဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စည်သူဗိုလ်ကလေးတင့်အောင်နှင့် ဦးညီညီထွန်းလွင်တို့က မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် အခမ်းအနားကို Virtual စနစ်ဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုမက်ဆေ့ပေးပို့၍ ဝမ်းမြောက်စကားပြောကြားသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ပြည့် ဂုဏ်ပြုသီချင်းဖြစ်သည့် "ပုံရိပ်လှလှ မြန်မာ့ရုပ်ရှင်" တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်တို့က အခမ်းအနားကို Virtual စနစ်ဖြင့် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုမက်ဆေ့ပေးပို့၍ ဝမ်းမြောက်စကားပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဝမ်းမြောက်စကားကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ရုပ်ရှင် နှစ်(၁၀၀)ပြည့် ပွဲတော်ကြီးအတွက် ဆုပန်လွှာ မေတ္တာစကားပြောကြားပေးဖို့

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

- **ရုပ်ရှင် နှစ်(၁၀၀)ပြည့်ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာ ပြည့်စုံတယ်ဆိုပေမယ့် ၂၀၂၁ ခုနှစ် အောက်တိုဘာလ အထိအတွင်း နှစ်(၁၀၀)အတွင်းပဲ ဖြစ်ပါကြောင်း။**
- **နှစ်(၁၀၀)အတွင်းမှာ သင့်မြတ်သည့်အချိန်၊ ကောင်းမွန်သည့်အချိန်မှာ ထပ်မံကြိုးစားပြီး အကောင်းဆုံးပွဲအဖြစ် ဆောင်ရွက်မည်ဟု ရည်မှန်းပါကြောင်း။**

## ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့် လူနာများအား သွေးရည်ကြည်ကုထုံးဖြင့် ကုသပေးလျက်ရှိသောကြောင့် များစွာအထောက်အကူရရှိ

စာမျက်နှာ » ၁၀

တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု မတွေ့ရှိသည့် နှစ်လအကြာတွင် ပြည်တွင်းကူးစက်မှုများ ပြန်လည် ဖြစ်ပွား

စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

စာမျက်နှာ » ၂၀


COVID-19 တည်ဒေး အတွက် သက်သာသောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။



ရုံးနိုင်ငံသားနေရာများ

ဒေအာတ်သီရင်နှင့်မီးသတ်ဘေးကင်းစက်ရုံ (ဗင်းဝမ္ဘ)

အမှတ်(၁-ခ) မင်းစမ္ဘလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

မုန်း-၀၉ ၇၆၅၅၁၉၄၄၊ ၀၉ ၇၆၅၅၁၉၄၄၊ ၀၉ ၇၆၅၅၁၉၄၄

တတ်ဝင့်စက်ရုံ (ပန္ဒလေး)

အကွက်(၁၃)ဒေါ်နေဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။

မုန်း-၀၉ ၃၄၆၀ ၂၇၁၀၅၊ ၀၉ ၄၀၂၆ ၂၇၆၈၆၊ ၀၂ ၄၀၃၆၀၀၄

# ကြေးမုံ

## လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများလည်ပတ်

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်-၁၉) သည် ကယားပြည်နယ်မှလွဲ၍ နိုင်ငံအနှံ့တွင် ဖြစ်ပွားနေသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ရောဂါဖြစ်ပွားမှု မြင့်မားနေဆဲဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်ကြေညာခဲ့သည်။

စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ) တွင် နေထိုင်သည့် ပြည်သူများ အနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း အမိန့်ထုတ်ပြန်ကြေညာခဲ့ပြီး စက်တင်ဘာလ ၂၂ ရက်နေ့တွင် နေအိမ်၌သာ နေထိုင်ရေးစည်းကမ်းချက်မှ ခြွင်းချက်ဖြင့် ခွင့်ပြုသူများတွင် ဖြည့်စွက်ချက်ကို အမိန့်ထုတ်ပြန်ခဲ့သည်။ ထို့နောက် အောက်တိုဘာလ ၅ ရက်နေ့တွင် ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား အောက်တိုဘာလ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ လုပ်ငန်းခွင်သို့ သွားရောက်ခွင့်မပြုကြောင်းအမိန့်ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသော တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ကြောင့် တုံ့ဆိုင်းသွားသော၊ ရပ်တန့်သွားသော စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုမရှိအောင်၊ ထိခိုက်မှုများကို ကုစားပေးနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုဗစ်ဆိုင်ရာ အမိန့်ထုတ်ပြန်မှုကြောင့် လုပ်ငန်းများခေတ္တရပ်ဆိုင်း၍ဖြစ်စေ၊ ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းများအဆင်မပြေတော့၍ဖြစ်စေ စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ခြင်းမရှိလျှင် လုပ်ငန်းရှင်များနှင့် အလုပ်သမားများ ထိခိုက်နစ်နာသည်သာမက နိုင်ငံ၏ကုန်ထုတ်လုပ်မှု၊ နိုင်ငံ၏စီးပွားရေးတို့ကို ထိခိုက်နစ်နာမှုဖြစ်စေသည်။

လက်ရှိ၌ ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားနေဆဲဖြစ်၍ ရောဂါဖြစ်ပွားမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်ပွားမှု တိုးလာသော မြို့နယ်များအား Stay at Home ဆောင်ရွက်ရန် စီစဉ်မှုနှင့်အတူ အဆိုပါနယ်မြေရှိ စက်ရုံ၊ အလုပ်ရုံများအား မှီခိုအားထားနေသော အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ မဆုံးရှုံးစေရေးနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာကန့်သတ်ချက်များကို ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွင် အဆင့် A ရရှိအောင်ပြင်ဆင်ထားကြောင်းတွေ့ရှိရပါက ကုန်ကြမ်းယူ၊ ကုန်ချောပေး ဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများအား အောက်တိုဘာလ ၁၂ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပြုကြောင်းအမိန့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို ထိန်းချုပ်လိုခြင်းမဟုတ်ပေ။ ကိုဗစ်-၁၉ ရောဂါကိုသာ ထိန်းချုပ်လိုခြင်းဖြစ်သည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံများအား ခေတ္တရပ်ဆိုင်းရန် အမိန့်ထုတ်ပြန်ခဲ့ရသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများသို့ လမ်းညွှန်ချက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်များနှင့် အထူးဂရုပြုလိုက်နာရမည့်အချက်များကို ထုတ်ပြန်အသိပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေဆဲကာလတွင် နိုင်ငံ့စီးပွားရေး ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းရှင်များ၏အကျိုးစီးပွား၊ အလုပ်သမားများ၏ အလုပ်အကိုင်စီးပွားများ နစ်နာမှုမရှိစေရေးအတွက် ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း စက်ရုံ၊ အလုပ်ရုံများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အထူးဂရုပြုလိုက်နာရမည့်အချက်များ အလေးထားလိုက်နာကာ A အဆင့်လုပ်ငန်းများဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အားကောင်းသော မုန်တိုင်းငယ်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၃ ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ် (Deep Depression) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြောက်ပိုင်း ကမ်းခြေကို ကာကီနာဒါမြို့ (Kakinada) အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

မိုး/ဧလ

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၁၀-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၁,၁၉၁ | ၁၁,၇၉၀,၉၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၀၀ | ၁၁၄ | ၄၁၆,၅၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၃ | ၂၄,၃၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၂ | ၄၄,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂ | ၅,၅၀၀ |
| EFR | ၃,၀၀၀ | ၃,၁၀၀ | ၁ | ၃,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၃

ရန်ကုန်(ရွှေဈေး) ၁၃၁၁၀၀၀ — မန္တလေး(ရွှေဈေး) ၁၃၁၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | | မန္တလေး |
|---|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၂၀ | ကျပ် | ၆၀၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၃၅ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၄၅ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၅/၄၄၀ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၂.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၁.၉၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၅၄၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၂.၀၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၆၃၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀.၇၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၂.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၆.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၈၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အယ်ဒီတာ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| သတင်းထောက်များ | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀၆၇-၃ဖ၁၂၈၊ ၀၆၇-၃ဖ၁၃၀၊ ဖက်စ် ၀၆၇-၃ဖ၁၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-ဧဖ၁၀ဖ၈၅၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် ဝမ်းမြောက်စကား

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်)

ဒီနေ့အခမ်းအနားကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ အမှူးပြုတဲ့ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ယခုလို ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် ဂုဏ်ယူတန်ဖိုးထားရတဲ့ မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနားမှာ စကားပြောကြားခွင့်ရတဲ့အတွက် အထူးပဲဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

မြန်မာ့ရုပ်ရှင် နှစ်(၁၀၀) ခရီးကို ပြန်ပြောင်းကြည့်မယ်ဆိုရင် ကျွန်မတို့ရဲ့ မြန်မာ့ရုပ်ရှင်အနုပညာရှင်ကြီးတွေဟာ ခေတ်စနစ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး၊ အကန့်အသတ်အမျိုးမျိုးကြားက မိမိတို့ရဲ့ အနုပညာရပ်တွေ၊ အတတ်ပညာရပ်တွေ ရပ်တည်ရှင်သန်ခွင့်ရအောင် နည်းလမ်းအမျိုးမျိုးနဲ့ မမှိတ်မသုန် ကြိုးပမ်းအားထုတ်ခဲ့ကြရတယ်ဆိုတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ကျွန်မတို့နိုင်ငံရဲ့ ရုပ်ရှင်များ ရပ်ဆိုင်းသွားခဲ့ရပါတယ်။ ရုပ်ရှင်ဖလင်များ ဝယ်ယူပေးနိုင်ခြင်းမရှိတဲ့အတွက် ရုပ်ရှင်အနုပညာအတွက်သာမက ရုပ်ရှင်အနုပညာသည်များရဲ့ ဝမ်းရေးအတွက်ပါ အခက်အခဲများစွာကြုံတွေ့ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့ ရုပ်ရှင်အနုပညာရှင်တွေဟာ မိမိတို့တတ်ကျွမ်းတဲ့ အနုပညာကို ဖော်ထုတ်တင်ပြဖို့နေနေသာသာ မိမိတို့ရဲ့ စားဝတ်နေရေးအတွက် ကြုံရာကျပန်း လုပ်ကိုင်စားသောက်ခဲ့ရတဲ့ ခေတ်ကာလ အခြေအနေမျိုးအထိ ကြုံတွေ့ခဲ့ကြရပါတယ်။

အဲဒီလိုကြုံတွေ့ခဲ့ရတဲ့ အခက်အခဲ အကျပ်အတည်းတွေကြားမှာ မြန်မာ့ရုပ်ရှင်အနုပညာရပ်တွေ ပေါ်ထွန်းလာအောင်၊ မှေးမှိန်ပျောက်ကွယ်မသွားအောင် ကြံ့ကြံ့ခံ အားထုတ်ကြိုးပမ်းခဲ့ကြတဲ့ အနုပညာသူရဲကောင်းများကို ကျွန်မတို့အားလုံး ဂုဏ်ယူအသိအမှတ်ပြုကြရမှာလည်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ဆရာမင်းသုဝဏ်ရဲ့ ကဗျာတစ်ပုဒ်ထဲကလို **"ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်၊ စစ်ကိုလည်းကြုံ၊ ခြေအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်၊ လေပြင်းခိုက်လည်း၊ မင့်ဂ်ဦးခေါင်း၊ နွေသစ်လောင်းသော်၊ ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍"** ဆိုတဲ့အတိုင်း မြန်မာ့ရုပ်ရှင်လောကသားတွေဟာ ခေတ်အဆက်ဆက် လောကဓံလှိုင်းလုံးတွေကြားမှာ ကြံ့ကြံ့ခံလော်ခတ်ရင်း မိမိတို့ရဲ့ ယုံကြည်ချက်တွေ၊ မိမိတို့ရဲ့ မျှော်လင့်ချက်တွေ၊ မိမိတို့ရဲ့ စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်ခဲ့ကြတယ်လို့ ကျွန်မ တွေ့မြင်ခံစားရပါတယ်။

ရုပ်ရှင်ဆိုတာ ခံစားမှုနဲ့ နည်းပညာပေါင်းစပ်ထားတဲ့ ဆန်းကြယ်တဲ့ ပညာရပ်အဖြစ် အားလုံးက နားလည်လက်ခံထားကြပါတယ်။ ရုပ်ရှင်ပေါ်ဦးစမှ ယနေ့မျက်မှောက်ကာလအထိ ရုပ်ရှင်အနုပညာရပ်တိုင်းဟာ လူသားအားလုံးကို ဆွဲဆောင်ဖမ်းစားနေဆဲဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ရုပ်ရှင်အနုပညာကဏ္ဍဟာ အခြားကဏ္ဍတွေနဲ့မတူဘဲ ကမ္ဘာ့လူသားအားလုံးကို ကောင်းမွန်တဲ့၊ ဆန်းပြားတဲ့အနှစ်သာရတွေ ပေးစွမ်းနိုင်ဖို့၊ ကျန်ရစ်စေဖို့ အစဉ်အမြဲ ကြိုးပမ်းအားထုတ်နေကြဖို့ အရေးကြီးတယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ဝမ်းမြောက်စကား ပြောကြားစဉ်။

**"ဖြတ်သန်းခဲ့တဲ့ မြန်မာ့ရုပ်ရှင်ရဲ့ နှစ်(၁၀၀)ခရီးမှာ ပြည်သူတို့ရဲ့ စိတ်နှလုံးကို သိမ်းကျုံးလှုပ်ကိုင်နိုင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကောင်းများစွာ ရှိခဲ့ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် တိုင်းပြည်နဲ့ လူမျိုးအတွက် အနုပညာနဲ့ အလုပ်အကျွေးပြုခဲ့သူများ၊ တစ်တပ်တစ်အား တာဝန်ကျေပွန်ခဲ့သူများ များစွာပေါ်ထွန်းခဲ့ပါတယ်။ အဲဒီအစဉ်အလာကောင်းတွေကို မျိုးဆက်သစ် အနုပညာရှင်တွေအနေနဲ့ အတုယူအားကျပြီး ကျွန်မတို့ တိုင်းပြည်နဲ့ ကျွန်မတို့လူမျိုး အကျိုးအတွက် ဇွဲသတ္တိအပြည့်နဲ့ ပိုမိုထမ်းဆောင်ပေးကြပါ"**

ကမ္ဘာ့ရုပ်ရှင်ဟာ ၁၉ ရာစုနှောင်းပိုင်းမှာ စတင်ပေါ်ထွန်းခဲ့ပြီး မြန်မာ့ရုပ်ရှင်ဟာ ၂၀ ရာစုဆန်းပိုင်းမှာ စတင်ဖြစ်တည်လာခဲ့တဲ့အတွက် မြန်မာ့ရုပ်ရှင်ခေတ်ဦးဟာ ကမ္ဘာနဲ့ရင်ပေါင်တန်းခဲ့တယ်လို့တောင် ပြောမယ်ဆိုရင် ပြောနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်ကို ဒါရိုက်တာ လန်ဒန်အတ်ဦးအုန်းမောင်ရဲ့ "မေတ္တာနှင့်သူရာ" ဇာတ်ကားကို စတင်ရိုက်ကူးရုံတင်ပြသကာ စတင်နိုင်ခဲ့ပါတယ်။

ဒီနေ့ဆိုရင် မြန်မာ့ရုပ်ရှင်သမိုင်းဟာ နှစ်(၁၀၀)ကာလတိုင် ရောက်ရှိလာခဲ့ပါပြီ။ ယခုလို နှစ်(၁၀၀) သက်တမ်းအတွင်းမှာ ရုပ်ရှင်အနုပညာဟာ လူတိုင်းလူတိုင်းကို စိတ်ခံစားမှုအမျိုးမျိုး၊ အတွေးအခေါ်အမျိုးမျိုးကို ပေးစွမ်းနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို ပေးစွမ်းနိုင်အောင်လည်း စာပေ၊ အနုပညာ၊ စက်မှု၊ နည်းပညာ၊ ဖန်တီးမှုတို့ ပေါင်းစုပြီး ရိုက်ကူးထုတ်လုပ်ကြပါတယ်။ ကျွန်မတို့ ကမ္ဘာကြီးအတွက် တန်ဖိုးရှိတဲ့ပေးစွမ်းမှုတွေ ဖြစ်စေချင်ပါတယ်။

ဖြတ်သန်းခဲ့တဲ့ မြန်မာ့ရုပ်ရှင်ရဲ့ နှစ်(၁၀၀) ခရီးမှာ ပြည်သူတို့ရဲ့ စိတ်နှလုံးကို သိမ်းကျုံးလှုပ်ကိုင်နိုင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကောင်းများစွာ ရှိခဲ့ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် တိုင်းပြည်နဲ့ လူမျိုးအတွက် အနုပညာနဲ့ အလုပ်အကျွေးပြုခဲ့သူများ၊ တစ်တပ်တစ်အား တာဝန်ကျေပွန်ခဲ့သူများ များစွာပေါ်ထွန်းခဲ့ပါတယ်။ အဲဒီအစဉ်အလာကောင်းတွေကို မျိုးဆက်သစ် အနုပညာရှင်တွေအနေနဲ့ အတုယူအားကျပြီး ကျွန်မတို့ တိုင်းပြည်နဲ့ ကျွန်မတို့လူမျိုး အကျိုးအတွက် ဇွဲသတ္တိအပြည့်နဲ့ ပိုမိုထမ်းဆောင်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

အားလုံးသိကြတဲ့အတိုင်း ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပုံဖော်တည်ဆောက်ပေးနေပါတယ်။ တစ်နည်းအားဖြင့် ကျွန်မတို့ မိဘဘိုးဘွားများ စတင်မျှော်မှန်းခဲ့ကြတဲ့ ပြည်ထောင်စုခရီးလမ်း၊ ပြည်ထောင်စုပန်းတိုင်ကို မရောက်ရောက်အောင် လျှောက်လှမ်းချီတက်နေတာ ဖြစ်ပါတယ်။

ဒီနေ့ဒီအချိန်မှာ ကျွန်မတို့နိုင်ငံအတွက် အရေးကြီးဆုံးလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဘာလို့အရေးကြီးတာလဲလို့ မေးခဲ့ရင် ကိုယ့်ပတ်ဝန်းကျင်အတွက်၊ ကိုယ့်နိုင်ငံအတွက်၊ လူသားများအားလုံးအတွက်၊ ငြိမ်းချမ်းသောကမ္ဘာသစ် ဖြစ်စေချင်လို့ပါပဲ။

ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေ ငြိမ်းချမ်းဖို့လိုသလို တစ်ကမ္ဘာလုံး ငြိမ်းချမ်းမှ အားလုံးငြိမ်းချမ်းမှာဖြစ်တဲ့အတွက် ငြိမ်းချမ်းတဲ့ကမ္ဘာသစ်ကြီး ဖြစ်ပေါ်ဖို့ကိုလည်း ကျွန်မတို့ ဦးတည်ချက်ထားရတာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေကစပြီး၊ လူသားများအားလုံး ငြိမ်းချမ်းချင်တဲ့စိတ်၊ ငြိမ်းချမ်းတဲ့ဘက်ကို သွားလိုတဲ့စိတ်တွေ ဖြစ်ပေါ်လာအောင် အနုပညာစွမ်းပကားတွေနဲ့ ဝိုင်းဝန်းဖော်ဆောင်ပေးကြဖို့ကိုလည်း ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

ဒါမှသာ ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်၊ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်း၊ ငြိမ်းချမ်းတဲ့နိုင်ငံမှာ လွတ်လပ်တဲ့ အနုပညာဖန်တီးမှုတွေ၊ ဖျော်ဖြေတင်ဆက်မှုတွေ၊ ခံစားနားလည်မှုတွေ၊ တွေးခေါ်မြော်မြင်မှုတွေနဲ့ လောကကြီးကောင်းကျိုး၊ ကမ္ဘာကြီးကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ခေတ်ကာလများ ဘယ်လိုပင် ပြောင်းလဲနေစေကာမူ ရုပ်ရှင်ခေတ်ဦးမှစပြီး ဒီနေ့ခေတ်တိုင်အောင် မြန်မာ့ရုပ်ရှင်သမိုင်းကို ပုံဖော်ထုဆစ်ပေးခဲ့ကြတဲ့ အနုပညာရှင်ကြီးအားလုံးရဲ့ သမိုင်းဟာ ကျွန်မတို့နိုင်ငံမှာ ရှင်သန်လင်းလက်နေဆဲ ဖြစ်တယ်လို့ ကျွန်မအနေနဲ့ အပြည့်အဝယုံကြည်ပါတယ်။

ကုန်လွန်ခဲ့တဲ့ နှစ်(၁၀၀) ကာလအတွင်းမှာ ရုပ်ရှင်အနုပညာတွေကို ဖန်တီးထုတ်လုပ်ခဲ့ကြတဲ့ ကျွန်မတို့ရဲ့ လေးစားအပ်တဲ့ ရုပ်ရှင်ပညာရှင်ကြီးများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားလိုပါတယ်။

ယခုလို မြန်မာ့ရုပ်ရှင် နှစ် (၁၀၀)ပြည့် အခမ်းအနားကို COVID-19 ရောဂါဆိုင်ရာ ကန့်သတ်ချက်တွေကြားက ကျင်းပပြုလုပ်နိုင်အောင် စီမံပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင်ရှိကြောင်းလည်း မှတ်တမ်းတင်ပြောကြားလိုပါတယ်။

ဒီနေ့ ဒီအချိန်မှာ ကျွန်မတို့အားလုံးဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် အနုပညာဖြင့် အကျိုးပြုပေးဆပ်ခဲ့ကြတဲ့ အနုပညာရှင်ကြီးများကို ကျေးဇူးဆပ်တဲ့အနေနဲ့ မျက်မှောက်ကာလသာမက အနာဂတ်ကာလများအတွက်ပါ ရည်မှန်းပြီး နိုင်ငံနဲ့ပြည်သူကို အကျိုးပြုတဲ့ အနုပညာရှင်များဖြစ်အောင် ကြိုးပမ်းပေးကြပါ။ အဆင့်အတန်းမြင့်မားတဲ့ ရုပ်ရှင်ဇာတ်ကားကောင်းများကို ဖန်တီးထုတ်လုပ်ပေးကြပါ။ မြန်မာ့ရုပ်ရှင်သမိုင်းနှစ်ပေါင်းရာထောင်ချီ အဓွန့်ရှည် တည်တံ့အောင် ဝိုင်းဝန်းအားထုတ် ကြိုးပမ်းပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# အထွေထွေရွေးကောက်ပွဲတွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ကျင်းပသော ဒုတိယအကြိမ်မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြသခြင်းကို လှည့်လည်ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၁၃

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အထွေထွေရွေးကောက်ပွဲတွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော် ဧမ္ဘူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကြိုတင်ပြင်ဆင်ကျင်းပသည့် ဒုတိယအကြိမ်မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုသည်။**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧမ္ဘူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ နမူနာပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် မဲရုံအမှတ်(၁)၏ မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြမှုအား ကြည့်ရှုစစ်ဆေးစဉ်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဧမ္ဘူသီရိမြို့နယ်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးညွှန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ရှင်းလင်းတင်ပြ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ပထမအကြိမ်မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြသခြင်းမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုများနှင့်အညီ ပြန်လည်ပြင်ဆင်ပြီး ဒုတိယအကြိမ် ထပ်မံဆောင်ရွက်မည့် အစီအစဉ်၊ မဲရုံအပြင်ဘက်ပိုင်း ဆောင်ရွက်မှုများအနေဖြင့် မူလတာဝန်ကျ ဝန်ထမ်း သုံးဦးအပြင် ကိုယ်အပူချိန်တိုင်းတာသည့်ဝန်ထမ်း၊ Mask နှင့် Sanitizer Spray ဖျန်းမည့် ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် Volunteer နှစ်ဦး ထပ်မံအားဖြည့်၍ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ ကိုယ်အပူချိန်တိုင်းတာခြင်းကို ဦးစွာဆောင်ရွက်ရန်၊ N95 Mask များ ဖြန့်ဝေပေးသွားရန်နှင့် အယ်လ်ကိုဟော ၈၅ ရာခိုင်နှုန်း ပါဝင်သည့် လက်သန့်ဆေးရည်များ အသုံးပြုသွားရန် စီစဉ်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မဲရုံအတွင်းပိုင်း ဆောင်ရွက်မှုများအနေဖြင့် မဲရုံဝန်ထမ်းများအတွက် မူလဖြန့်ဝေပေးထားသည့် လက်အိတ်များအစား Surgical Glove များ ပြောင်းလဲဖြန့်ဝေပေးထားမှုနှင့် မဲဆန္ဒရှင် သက်သေခံကတ်ပြား စွန့်ပစ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မဲရုံပြင်ဆင်မှုအနေဖြင့် ယာယီမဲရုံဆောက်လုပ်ရာတွင် လေဝင်လေထွက် ကောင်းမွန်ပြီး သတ်မှတ်ထားသည့် အကျယ်အဝန်းရရှိအောင် ဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်များ တန်းစီရာတွင် တစ်ဦးနှင့် တစ်ဦး ၆ ပေအကွာ တန်းစီစေရန် ဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ထည့်ရန် လည်ဆွဲကြိုးများ ဖြန့်ဝေပေးရန် စီစဉ်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဧမ္ဘူသီရိမြို့နယ် ဧယျာသိန္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ ဒုတိယအကြိမ် လက်တွေ့သရုပ်ပြမဲပေးရန် တန်းစီစောင့်ဆိုင်းနေသူများအား မဲရုံပြင်ပ ကြီးကြပ်ရေးတာဝန်ထမ်းဆောင်သူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ အယ်လ်ကိုဟော ၈၅ ရာခိုင်နှုန်းပါဝင်သည့် လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ပေးခြင်းနှင့် N95 နှာခေါင်းစည်းထုတ်ပေးခြင်း ဆောင်ရွက်နေမှု၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းလမ်းညွှန်များနှင့်အညီ သတ်မှတ်ချိန်အတွင်း အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် တာဝန်ရှိသူများက မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ အယ်လ်ကိုဟော ၈၅ ရာခိုင်နှုန်းပါဝင်သည့် လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ပေးခြင်းနှင့် ဆန္ဒမဲပေးပြီးကြောင်း

စာမျက်နှာ ၅ သို့ ❐

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧမ္ဘူသီရိမြို့နယ် ဧယျာသိန္ဓိရပ်ကွက် မဲရုံအမှတ်(၁)၌ လက်တွေ့သရုပ်ပြမဲပေးမှုကို လှည့်လည်ကြည့်ရှုစဉ်။**

❒ စာမျက်နှာ ၄ မှ

လက်သန်းမင်တို့ခြင်း လုပ်ငန်းများအား ကူညီဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

**လှည့်လည်စစ်ဆေး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧမ္ဘူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ နမူနာပုံစံပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် မဲရုံအမှတ်(၁)၌ ဒုတိယအကြိမ် လက်တွေ့သရုပ်ပြမဲပေးရန် တန်းစီစောင့်ဆိုင်းနေသူများအား မဲရုံပြင်ပကြီးကြပ်ရေးတာဝန် ထမ်းဆောင်သူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ အယ်လ်ကိုဟော ၈၅ ရာခိုင်နှုန်း ပါဝင်သည့် လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ပေးခြင်း၊ N95 နှာခေါင်းစည်းထုတ်ပေးခြင်း ဆောင်ရွက်နေမှု၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းလမ်းညွှန်များနှင့်အညီ သတ်မှတ်ချိန်အတွင်း အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် တာဝန်ရှိသူများက မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ အယ်လ်ကိုဟော ၈၅ ရာခိုင်နှုန်းပါဝင်သည့် လက်သန့်ဆေးရည်ဖြင့် လက်များသန့်စင်ပေးခြင်းနှင့် ဆန္ဒမဲပေးပြီးကြောင်း လက်သန်းမင်တို့ခြင်း လုပ်ငန်းများအား ကူညီဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များ မှာကြား**

ထိုသို့ လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မဲရုံအပြင်ဘက်ပိုင်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ သတ်မှတ်ချိန်အတွင်း အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် ဆန္ဒမဲပေးရန် လာရောက်ကြသည့် မဲဆန္ဒရှင်ပြည်သူများအား N95 နှာခေါင်းစည်းများ ကြိုတင်ထုတ်ပေးရေး စီစဉ်ဆောင်ရွက်ရန်၊ မဲရုံအတွင်းပိုင်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးရာတွင် မဲစာရင်းစစ်ဆေးခြင်းနှင့် မဲလက်မှတ်ထုတ်ပေးသည့် လုပ်ငန်းစဉ်တွင် အချိန်ကြန့်ကြာမှုမရှိစေရေး ပြန်လည်သုံးသပ်ဆောင်ရွက်ရန်၊ ဆန္ဒမဲပေးရာတွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ ဆောင်ရွက်ရသည့်အတွက် အချိန်ကြန့်ကြာမှုမရှိစေရေး၊ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ မဲရုံအတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးဆိုင်းဘုတ်များ ထားရှိသွားရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒုတိယအကြိမ် လက်တွေ့သရုပ်ပြ မဲပေးသည့် အစီအစဉ်တွင် ပါဝင်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ယနေ့မဲပေးရာတွင် အခက်အခဲများ၊ အချိန်ကြာမြင့်သည့် လုပ်ငန်းစဉ်များကို မေးမြန်းပြီး တာဝန်ရှိသူများအား ပြင်ဆင်ရန်ရှိသည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဧမ္ဘူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ နမူနာပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် မဲရုံအမှတ်(၁)၏ မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ယနေ့ မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြမှု ဆောင်ရွက်ခဲ့သည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဧမ္ဘူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ ဧမ္ဘူသီရိမြို့နယ် ဧရေယာသီဒွိရပ်ကွက် မဲရုံအမှတ်(၁) တွင် မဲပေးခွင့်ရှိသူ ၂၁၀၃ ဦးရှိကြောင်းနှင့် နမူနာပုံစံဖြင့် ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁) ရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲပေးခွင့်ရှိသူ ၈၁၁ ဦးရှိကြောင်း။

လက်ရှိစာရင်းများအရ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဧမ္ဘူသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၈၅၅၁၃ ဦး၊ ဒဂ္ဂီဏာသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၇၇၈၆ ဦး၊ ပျဉ်းမနားမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၁၃၂၄၅၅ ဦး၊ လယ်ဝေးမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၁၇၆၂၀ ၊ ဧရေယာသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၇၉၀၂၉ ဦး၊ တပ်ကုန်းမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၁၇၈၈၄၄ ဦး၊ ပုဗ္ဗသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၉၂၈၆၉ ဦး၊ ဥတ္တရသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၅၂၄၆၉ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

**တင်ဒါစနစ် စနစ်တကျဆောင်ရွက်**

အစည်းအဝေးတွင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး က ၂၀၂၀ ပြည့်နှစ်ထွက် မိုးစပါးများကို တင်ဒါစနစ်ဖြင့်ဝယ်ယူရေးဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲပြုစုထားသည့် စပါး၊ ဆန်ဝယ်ယူရေးစီမံချက်၊ တင်ဒါစည်းကမ်းချက်များ၊ စပါးဝယ်ယူ၍ ဆန်ပေးသွင်းခြင်းဆိုင်ရာ သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်ထွက် စပါးများကို အခြေခံရည်ညွှန်းစပါးဈေးအောက် ကျရောက်နေသည့် ဒေသများတွင် သတ်မှတ်အခြေခံရည်ညွှန်း ဈေးနှုန်းဖြစ်သည့် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀၀ နှုန်းဖြင့် စပါး၀ယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်မှ လှည့်ပတ်ရန်ပုံငွေကျပ် ဘီလီယံ ၂၀ အား တောင်းခံခဲ့ရာ စီးပွားရေးရာကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်မှ လှည့်ပတ်ရန်ပုံငွေကျပ် ဘီလီယံ ၂၀ ရရှိပါက အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် ဝယ်ယူပေးနိုင်ရေး အတွက် တင်ဒါဖိတ်ခေါ်ခြင်းအား အောက်တိုဘာ ၁၂ ရက်နှင့် ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ်အတွက် တင်ဒါစနစ်ဖြင့် မိုးစပါး ဝယ်ယူရေးဆောင်ရွက်နိုင်ရန်အတွက် တင်ဒါစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးနှင့် ကန်ထရိုက်စာချုပ် (မူကြမ်း) ပြုစုရေးအဖွဲ့က ရေးဆွဲထားရှိသည့် စပါး ဝယ်ယူမည့် စီမံချက်၊ တင်ဒါစည်းကမ်းသတ်မှတ်ချက်များ၊ စပါး၀ယ်ယူ၍ ဆန်ပေးသွင်းခြင်းဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)များနှင့်စပ်လျဉ်း၍ ယနေ့ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးရန်နှင့် အတည်ပြုပါက စီမံချက်၊ စည်းကမ်းသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ဝယ်ယူမည့် စပါးအရေအတွက်နှင့်ကိုက်ညီသည့် ဆန်သိုလှောင်နိုင်မည့် သိုလှောင်ရုံအခြေအနေကိုလည်းကောင်း၊ လက်ရှိသိုလှောင်ရုံနှင့် မလုံလောက်၍ ပြင်ပမှ သိုလှောင်ရုံ ငှားရမ်းသုံးစွဲရမည်ဆိုပါက ငှားရမ်းခနှုန်းထားနှင့် ငှားရမ်းခကုန်ကျစရိတ် အခြေအနေကိုလည်းကောင်း ဆွေးနွေးပေးရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စပါး၊ ဆန် ဝယ်ယူရေးကြီးကြပ်မှု လုပ်ငန်းအဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ်ထွက် မိုးစပါးများကို တင်ဒါစနစ်ဖြင့် ဝယ်ယူရေးဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ရန်အတွက် ဖြစ်ပေါ်လာနိုင်မည့် အခက်အခဲများအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ကော်မတီအဖွဲ့ဝင်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပြည်လည်ဖြည့်စွက် ဆွေးနွေးကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကို ရင်ဆိုင်ကျော်လွှားခဲ့ရပုံများဆိုင်ရာ ဆွေးနွေးခန်း ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသခဲ့သည်။

ယခုအခါ အပတ်စဉ် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများနှင့် ဆွေးနွေးမေးမြန်းခန်းကို ပြင်ဆင်ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှ ဦးအေးသိန်း၊ တာမွေမြို့နယ်မှ ဒေါ်ခင်ခင်ဦးနှင့် အင်းစိန်မြို့နယ်မှ ဦးအောင်ခင်(ခ) နီတာတို့၏ ကိုဗစ်-၁၉ ရောဂါကို ရင်ဆိုင်ကျော်လွှားခဲ့ရပုံများဆိုင်ရာ ဆွေးနွေးခန်းအစီအစဉ်အား ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ဧရာဝတီတိုင်းဒေသကြီးမှ**

စတင်စစ်ဆေးချိန်မှာ အောက်တိုဘာ ၁၂ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး အဝင်ဂိတ် ငါးခုတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၁၆၄ ဦးအား စစ်ဆေးခဲ့ရာ ၂၃ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သည်။ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က ပိုးတွေ့လူနာများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ် ပြည်သူ့ဆေးရုံများတွင် ကုသပေးလျက်ရှိကြောင်း၊ စစ်ဆေးခအဖြစ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းကောက်ယူခဲ့ရာမှ အောက်တိုဘာ ၁၃ ရက်မှစ၍ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်လျှော့၍ ကောက်ခံစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားတွင် ဝမ်းမြောက်စကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားတွင် ဝမ်းမြောက်စကားပြောကြားစဉ်။

✰ ရှေ့ဖိုးမှ

အစည်းအရုံးကြီးက တာဝန်ပေးသည့်အတွက် မိမိပြောဆိုမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ပညာ ကမ္ဘာမှာ စတင်ကတည်းက မရေးမနှောင်းအချိန်မှာပဲ တစ်နှစ်အတွင်း၊ နှစ်နှစ်အတွင်းမှာ မိမိတို့ မြန်မာနိုင်ငံက ရုပ်ရှင်ပညာကို စတင်နိုင်ခဲ့ပါကြောင်း၊ ဒီတော့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာ မြန်မာနိုင်ငံ၏ ရုပ်ရှင်ပညာ စတင်သည့် နှစ် (၁၀၀) ပြည့်ပါပြီဟု ဟစ်ကြွေးပြောဆိုနိုင်ပြီဖြစ်ပါကြောင်း၊ ထိုရုပ်ရှင် နှစ် (၁၀၀) ပြည့်ပွဲတော်ကြီးကို ခမ်းခမ်းနားနား၊ သိုက်သိုက်မြိုက်မြိုက် ဆောင်ရွက်ကြဖို့၊ ဟျော်ကြဖို့၊ ရွှင်ကြဖို့၊ ပြည်သူပြည်သားများကို ဖျော်ဖြေကြဖို့၊ အထိမ်းအမှတ်ပစ္စည်းလေးများ ရောင်းချဖို့ အစစအရာရာ ပြည်သူနှင့် ရုပ်ရှင်သမားတို့ ပူးတွဲပြီး ဆောင်ရွက်ကြမည်ဟု ရည်မှန်းခဲ့ပါကြောင်း၊ သို့သော်လည်း ကူးစက်တတ်သော ရောဂါဆိုးကြီးက ဝင်လာပြီး ဖျက်ဆီးလိုက်သည့်အတွက် တစ်ကမ္ဘာလုံးသည် ထိုကူးစက်မှုဒဏ်ကို ခံစားရပြီး မိမိတို့လည်း မလွဲမသွေ အစစအရာရာ ခြိုးခြံရသည့်အဖြစ်မျိုး ဖြစ်သွားရပါကြောင်း၊ ထို့ကြောင့် ပွဲတော်ကြီးကို စီစဉ်မည်၊ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ရုပ်ရှင်ပစ္စည်းလေးများ ရောင်းချမည်၊ ဟျော်ကြမည်၊ ရွှင်ကြမည်၊ တေးဂီတအဆို အကများဖြင့် လှလှပပ ဆောင်ရွက်ကြမည်ဟု မျှော်မှန်းထားသည့် အထဲမှ ဝမ်းနည်းစွာဖြင့် လက်လျှော့လိုက်ရပါကြောင်း၊ ရုပ်ရှင် နှစ် (၁၀၀) ပွဲတော်ကြီးကို တိတိကျကျ ပြည့်စုံသည့်ရက်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိတော့ပါကြောင်း၊ နည်းနည်းနှင့် ကျဲကျဲ ပိုင်းပြီးတော့သာ ဆောင်ရွက်ရပါမည်ဆိုသည့်အကြောင်းကို ပြည်သူ ပြည်သားများ သိရှိရန်အတွက် ပန်ကြားအစီရင်ခံရပါကြောင်း။

သို့သော်လည်း မိမိတို့ အားမလျှော့သေးပါကြောင်း၊ ရုပ်ရှင် နှစ် (၁၀၀) ပြည့်ကို ၂၀၂၀ ပြည့် နှစ် အောက်တိုဘာလမှာ ပြည့်စုံတယ်ဆိုပေမယ့် ၂၀၂၁ ခုနှစ် အောက်တိုဘာလ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင် မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားတွင် ဝမ်းမြောက်စကား ပြောကြားစဉ်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင် မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားတွင် ဝမ်းမြောက်စကား ပြောကြားစဉ်။

အထိအတွင်း နှစ် (၁၀၀) အတွင်းပဲ ဖြစ်ပါကြောင်း၊ ဒီနှစ် (၁၀၀) အတွင်းမှာ သင့်မြတ်သည့်အချိန် ၊ ကောင်းမွန်သည့်အချိန်မှာ ထပ်မံကြိုးစားပြီး အကောင်းဆုံးပွဲအဖြစ် ဆောင်ရွက်မည်ဟု ရည်မှန်းပါကြောင်း၊ ၎င်းကို ရုပ်ရှင်ချစ်ကြသည့် ပြည်သူပြည်သားများ သိရှိအောင် ပန်ကြားရခြင်းဖြစ်သည့်အပြင် လက်တွေ့လုပ်ကိုင်ကြမည်၊ ဆောင်ရွက်ကြမည့် ရုပ်ရှင်သမားများကိုလည်း မိမိတို့ အစည်းအရုံးကြီးကနေ အားပေးအားမြှောက်ပြုလုပ်ပါကြောင်း။

**အင်မတန်နှစ်ခြိုက်ကြ**

ရုပ်ရှင်သမားများသည် အင်မတန်ဖျော်ဖြေမှု ဝါသနာပါသည့်ပုဂ္ဂိုလ်များ ဖြစ်ပါကြောင်း၊ မိမိတို့ တင်ဆက်ပြသသည့် ရုပ်ရှင်ပွဲလမ်းသဘင်မှာ လူစည်စည်ကားကားနှင့် များပြားလှပါက အင်မတန်နှစ်ခြိုက်ကြသည့် လူစားမျိုး ဖြစ်ပါကြောင်း၊ ယခုလို နည်းနည်းနှင့် ကျဲကျဲ ပိုင်းရတာ မျိုးမဖြစ်ဘဲ အားပါးတရ ပြည်သူများလည်းပူးပေါင်း၊ ရုပ်ရှင်သမားများကလည်း ပူးပေါင်းပြီး ဝိုင်းဝန်းကြမည်ဆိုလျှင် အင်မတန်စည်ကားသည့် ပွဲတော်ကြီးတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ပါကြောင်း၊ ဒါကြောင့် အားလုံးက နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းအတိုင်း လိုက်နာပြီး ကူးစက်တတ်သော ရောဂါကြီး အမြန်ဆုံးပျောက်ကင်းသွားအောင် ညီညီညွတ်ညွတ်ဖြင့် ကူညီအားပေးကြပါဟု ပန်ကြားရင်း မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝမ်းမြောက်စကားပြောကြားရာတွင် ယခုလို ရာပြည့်ပွဲမျိုးဆိုတာ အင်မတန်ကံကောင်းထောက်မမှသာ ကြုံကြိုက်နိုင်တာမျိုးဖြစ်သည့်အတွက် ဒီပွဲကြီးကို ရာပြည့်ဆိုသည့် ဂုဏ်အင်္ဂါနှင့် ထိုက်တန်စွာ တခမ်းတနား၊ စည်ကား







သိုက်မြိုက်စွာ ကျင်းပဖို့ အားလုံးက အာသီသရှိခဲ့ကြပါကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလ ၂၀၁၉ ခုနှစ်ကတည်းကစတင်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဦးဆောင်ပုဂ္ဂိုလ်ကြီးများ အပါအဝင် ရုပ်ရှင်လောကသားများ၊ ရုပ်ရှင်နှင့် ဆက်စပ်ပတ်သက်သော ဌာနဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရာပြည့်အခမ်းအနားများ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြပါကြောင်း။

ထို့နောက် ရာပြည့်ပွဲတော်ကို နံပါတ် (၁) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ခရီးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်၊ (၂) ခေတ်အဆက်ဆက် ထင်ရှားခဲ့သည့် မြန်မာ့ရုပ်ရှင်ပညာရှင်ကြီးများ၏ အနုပညာနှင့် အတတ်ပညာစွမ်းပကားများကို ရုပ်ရှင်လောကသားများ အားကျအတုယူပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ (၃) ရုပ်ရှင်လောကသားများ၏ ညီညွတ်မှုစွမ်းအား၊ အနုပညာဖန်တီးမှုစွမ်းအားများဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးကို တိုးမြှင့်ဆောင်ရွက်ရန် ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း။

၎င်းအပြင် ၁၉၄၇ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်ငွေရတုပွဲတော် ကျင်းပစဉ်အခါက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ချီးမြှင့်ခဲ့သလို ရာပြည့်ပွဲတော်မှာလည်း နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင် တက်ရောက်ချီးမြှင့်စေလိုသည့်ဆန္ဒ ရှိခဲ့ကြပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများကလည်း အလားတူ ဆန္ဒမျိုးရှိသည့်အတွက် ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် "မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ"ကို နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ဖွဲ့စည်းပေးခဲ့ပါကြောင်း။

**နာယကများအဖြစ် ပါဝင်**

ဦးစီးကော်မတီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီး စည်သူဗိုလ်ကလေးတင့်အောင်တို့က နာယကများအဖြစ် ပါဝင်ပါကြောင်း၊ ကော်မတီဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ စသည့် ပုဂ္ဂိုလ်များ ပါဝင်ပါကြောင်း။

**တစုတစည်း စီစဉ်တင်ဆက်**

ဦးစီးကော်မတီက ဆက်လက်ပြီး ရာပြည့်ပွဲတော်၏ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းကော်မတီနှင့် ကဏ္ဍအလိုက် ဆောင်ရွက်မည့် ဆပ်ကော်မတီ ၁၇ ခုတို့ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို စတင်ရန် ပြင်ဆင်နေချိန်မှာပဲ ကိုဗစ်- ၁၉ ကပ်ရောဂါ ပေါ်ပေါက်လာပါကြောင်း၊ ကပ်ရောဂါအခြေအနေ အလားအလာတွေကို ခန့်မှန်းရန် မလွယ်ကူသည့်အတွက် ပွဲတော်ကို အတော်အတန် စည်ကားအောင် ကျင်းပမည်လား၊ အကျဉ်းရုံးပြီးလား၊ ဒါမှမဟုတ် စတီလောက် ကျင်းပပြီး နောင်ခြေခင်း လက်ခင်းသာသည့်အခါကျမှ ပွဲကြီးလမ်းကြီး ကျင်းပမည်လားဆိုသည်ကို ဆုံးဖြတ်ရခက်ခဲ့ပါကြောင်း၊ ပွဲတော်ရက် နီးကပ်လာချိန်တွင် ယခုအားလုံးမြင်တွေ့နေရသည့်အခြေအနေမျိုး ဖြစ်နေသည့်အတွက် ဒီကနေ့ အခမ်းအနားကို အများသူငါ အသုံးပြုလာနေသည့် နည်းပညာများအရ virtual event ပုံစံမျိုးဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အခမ်းအနား၏ အစီတ်အပိုင်းများကို သီးခြားစီ ဆောင်ရွက်ပြီး ယခုဒီအချိန်တွင် တစုတစည်းတည်း စီစဉ်တင်ဆက်ခြင်း ဖြစ်ပါကြောင်း။

သို့သော် ၎င်းသည် အပြီးမဟုတ်ပါကြောင်း၊ ကိုဗစ်- ၁၉ ရောဂါအန္တရာယ်လျော့ပါး ပျောက်ကွယ်သွားပြီး နောက်တွင် ရုပ်ရှင်လောကသားများ၊ ရုပ်ရှင်ချစ်မြတ်နိုးသူများ၊ အခြား အခြား သက်ဆိုင်သူ စိတ်ဝင်စားသူများ အုန်းအုန်းကျွက်ကျွက် ပါဝင်ဆင်နွှဲနိုင်သည့် ပွဲတော်ကြီးကို ကျင်းပကြဦးမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင်လည်း ရုပ်ရှင်ရာပြည့်အတွက် ပြုလုပ်ထားမှုသည် virtual event တစ်ခုတည်းမဟုတ်ပါကြောင်း၊ ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ၊ ရုပ်ရှင် ဇာတ်လမ်းတိုပြိုင်ပွဲ စသည်များကို ကျင်းပနိုင်ခဲ့ပါကြောင်း၊ စာတမ်းဖတ်ပွဲအတွက်လည်း စာတမ်းများ ဖိတ်ခေါ်ထားပါကြောင်း၊ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် တံဆိပ်ခေါင်းကိုလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အကူအညီဖြင့် ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ ရုပ်ရှင်ဇာတ်ကား ၁၀၀ ပြသသည့်အစီအစဉ်၊ ရုပ်ရှင်တေးအပုဒ် ၁၀၀ အပတ်စဉ် Live ရိုက်ကူးတင်ဆက်သည့် အစီအစဉ်၊ ရုပ်ရှင်သမိုင်းပြတိုက်နှင့် ပတ်သက်သည့် အစီအစဉ်၊ ရုပ်ရှင်ပညာသည်ကြီးများနှင့် ဆွေးနွေးခန်း အစီအစဉ်တွေ စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရာပြည့်အထိမ်းအမှတ် အမှတ်တရပစ္စည်း ၁၃ မျိုးကိုလည်း ထုတ်လုပ် ရောင်းချပေးနိုင်ခဲ့ပါကြောင်း၊ ဒီအတောအတွင်း မြန်မာ့ရုပ်ရှင်ဇာတ်ကားဟောင်း ၁၂၈ ကားကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းထိန်းသိမ်းပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ရုပ်ရှင်ရာပြည့် အထိမ်းအမှတ် မဂ္ဂဇင်းကိုလည်း စီစဉ်ဆောင်ရွက်နေကြပြီဖြစ်၍ မကြာမီ ပေါ်ထွက်လာဖို့ ရှိပါကြောင်း၊ ယင်းအပြင် ရုပ်ရှင်ချစ်စဖွယ်သတ်များ မြန်မာ့ရုပ်ရှင် ဇာတ်ကားပေါင်းများစွာကို mobile application များမှ တစ်ဆင့် စိတ်တိုင်းကျ ရွေးချယ်ကြည့်ရှုနိုင်ရန်အတွက် စေတနာရှင် ရုပ်ရှင်၊ ရုပ်သံလုပ်ငန်းရှင်များက online ရုပ်ရှင်ပွဲတော် အစီအစဉ်တစ်ရပ်ကို အားဖြည့်ပါဝင်ပေးထားပါကြောင်း။

ယင်းမှာ ကိုဗစ်- ၁၉ ၏ အန္တရာယ်ကို စိုးရိမ်နေကြရသည့်ကာလတွင် တစ်ဖက်က ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရင်း ရာပြည့်ပွဲတော်ကို ဖြစ်နိုင်သည့် ပုံသဏ္ဌာန်၊ ဖြစ်နိုင်သည့်နည်းလမ်းများဖြင့် အပြည့်ဝဆုံး ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ ထို့အတွက် ရာပြည့်အခမ်းအနားဖြစ်မြောက်ရေးမှာ ပါဝင်ဆောင်ရွက်နေသူတစ်ဦးအနေဖြင့် ဝမ်းမြောက်မိကြောင်းနှင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်နေကြသူများ အားလုံးကို ကျေးဇူးတင်ကြောင်း၊ လေးစားချီးကျူးပါကြောင်း ပြောကြားလိုပါကြောင်း။

ယင်းနေ့အခမ်းအနားနှင့် ကြုံကြိုက်တုန်းမှာ မြန်မာ့ရုပ်ရှင်၏ အခြေအနေ၊ အလားအလာများနှင့် စပ်လျဉ်းသည့် မိမိ၏ အမြင်ကို အနည်းငယ်ပြောကြားချင်ပါကြောင်း၊ ဒါက ပြီးခဲ့သည့် (၄) နှစ်ကျော် ကာလအတွင်း ရုပ်ရှင်အစည်းအရုံးလူကြီးများအပါအဝင် ရုပ်ရှင်လောကသားများနှင့် တွဲဖက်ပြီး ရုပ်ရှင်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရင်း တစ်စွန်းတစ်စ သိမြင်လာသည့်အချက်ဖြစ်ပါကြောင်း။

**မြန်မာဇာတ်ကားများ ထုတ်လုပ်**

မြန်မာ့ရုပ်ရှင်သည် အစဉ်အလာကောင်းများနှင့် စတင်ခဲ့သည်ဟု မိမိမြင်ပါကြောင်း၊ ကမ္ဘာမှာ ရုပ်ရှင်စပေါ်ပြီး နှစ်များစွာ မကြာမီမှာပဲ မြန်မာမှာ ရန်ကုန်မြို့နေလူထုသည် နိုင်ငံခြားရုပ်ရှင် ဇာတ်ကားများ ကြည့်ရှုခွင့်ရခဲ့ကြကြောင်း၊ လွန်ခဲ့သည့်နှစ် ၁၀၀ ကျော်လောက်ကတည်းက ရန်ကုန်သည် အာရှတိုက်၏ ဆိပ်ကမ်းမြို့ကြီးများ စာရင်းတွင် ပါဝင်သည့် စည်ကားသည့်မြို့ကြီး တစ်မြို့ဖြစ်ပါကြောင်း၊ ကမ္ဘာ့မြို့ကြီးများမှာ ရုပ်ရှင်ရုံများ ပေါ်ပေါက်လာပြီး မရေးမနှောင်းမှာ ရန်ကုန်မြို့၌ ရုပ်ရှင်ရုံများ ပေါ်လာပါကြောင်း၊ တစ်ဖက်မှာ ရုပ်ရှင်စီးပွားရေးလုပ်ငန်းလည်း ထွန်းကားလာပါကြောင်း၊ ဒါကနည်းပညာပြောင်းလဲမှုအပေါ် အခြေခံပြီးဖြစ်လာသည့် စီးပွားရေးလှိုင်းဖြစ်တာကြောင့် အံ့သြစရာမရှိပါကြောင်း၊ သို့သော် အံ့သြစရာ၊ ချီးကျူးစရာ ဖြစ်သည်မှာ နိုင်ငံခြားရုပ်ရှင်ကားများနှင့် နိုင်ငံခြားသားပိုင် ရုပ်ရှင်လုပ်ငန်းများကြားမှ ထူးချွန်သည့်မြန်မာလူငယ်များက မြန်မာဇာတ်ကားများ ရိုက်ကူးထုတ်လုပ်လာနိုင်ကြခြင်းပင် ဖြစ်ပါကြောင်း။

**မှေးမှိန်သွားခြင်းမရှိခဲ့**

၁၉၂၀ ပြည့်နှစ်တွင် ပထမဆုံးမြန်မာဇာတ်ကား ဖြစ်သည့် မေတ္တာနှင့်သူရာ ဇာတ်ကား ထွက်လာပါကြောင်း၊ ၎င်းနောက် ဆက်တိုက်ပင် မြန်မာဇာတ်ကားများ အများအပြား ပေါ်လာပါကြောင်း၊ မြန်မာပိုင်ရုပ်ရှင်ကုမ္ပဏီများ ပေါ်လာကြောင်း၊ ပြီးနောက် စစ်မဖြစ်ခင် ၁၉၃၅ ခုနှစ်မှာ မြန်မာများ ဂျပန်ပြည်သွားပြီး ဂျပန်ရှင်သွေး ရုပ်ရှင်ကားကို ရိုက်ကူးခဲ့ပါကြောင်း၊ အဲဒီကာလရော အဲဒီနောက်ပိုင်း တွေမှာပါ ရန်ကုန်၊ မန္တလေးအပါအဝင် မြန်မာနိုင်ငံအနှံ့ အပြားမြို့များမှာ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ လွတ်လွတ်ကျွတ်ကျွတ် ပြသနေခဲ့တာဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ အဲဒီလောက် ပေါပေါများများ ပြသနေသည့်ကြားထဲမှ မြန်မာ့ရုပ်ရှင်ကားများနှင့် မြန်မာ့ရုပ်ရှင်အနုပညာရှင်များရော မြန်မာ့ရုပ်ရှင်လုပ်ငန်းသည်ပါ မှေးမှိန်သွားခြင်းမရှိခဲ့ပါကြောင်း၊ မြန်မာပရိသတ်များ နှုတ်ဖျားမှာ မြန်မာဇာတ်ကားများသာ ရေပန်းစားနေခဲ့ပါကြောင်း။

သို့ပေမယ့် ပြီးခဲ့သည့်ကာလတစ်ခုမှာ မြန်မာ့ရုပ်ရှင်လုပ်ငန်းကျဆင်းခဲ့သည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ အဲဒါက ရုပ်ရှင်အပါအဝင် စာပေ၊ သဘင်၊ ဂီတ စသည့် အနုပညာအရပ်ရပ်ကို ချုပ်ကိုင်သည့် နိုင်ငံရေးစနစ်ကြောင့် ဖြစ်ပါကြောင်း၊ ထိုကာလမှာ လွတ်လပ်စွာ တီထွင်ဖန်တီးနိုင်မှု အားနည်းခဲ့ကြောင်း၊ အနုပညာ မလွတ်လပ်သလို တစ်ဖက်မှာ တိုင်းပြည်စီးပွားရေးကလည်း ဆုတ်ယုတ်ကျဆင်းခဲ့ပါကြောင်း၊

**စာမျက်နှာ ၇ သို့ ✰**

☆ စာမျက်နှာ ၆ မှ

တိုင်းပြည်ထဲကို အသိပညာသစ်၊ နည်းနာသစ်များ ဝင်မလာကြောင်း၊ ရုပ်ရှင်နှင့်ပတ်သက်လျှင် ရုပ်ရှင်သုံးခေတ်မီစက်ပစ္စည်းကိရိယာများ မဝယ်နိုင်ပါကြောင်း၊ ဖလင်ဝယ်ရန်ပင် အင်မတန်မှခက်ခဲခဲ့ပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်ကားကြီးများ မရိုက်ကူးနိုင်ပါကြောင်း၊ ရုပ်ရှင်ကားမရှိ၍ ရုပ်ရှင်ရုံလုပ်ငန်းလည်း ကျဆင်းသွားကြောင်း၊ ဒါက ကိုယ်တိုင်ကြုံတွေ့ ဖြတ်သန်းခဲ့ရသည့် ရုပ်ရှင်လောကသားများ အသိဆုံးဖြစ်ပါကြောင်း။

**လွတ်လပ်သောအဖွဲ့အစည်း**

ပြီးခဲ့သည့်လေးငါးခြောက်နှစ်ကာလမှာတော့ အခြေအနေတွေ အများကြီး ပြောင်းလဲခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့ကြည့်မည်ဆိုလျှင်၊ ယနေ့ဆိုသော်လည်း ယနေ့တွင် ကိုဗစ်- ၁၉ ရှိနေသဖြင့် ကိုဗစ်- ၁၉ မဖြစ်မီကာလ ဖြစ်သည့် ဒီနှစ်အစပိုင်း သို့မဟုတ် ၂၀၁၉ ခုနှစ် အကုန်ပိုင်းမှာ ကြည့်မည်ဆိုလျှင် မြန်မာ့ရုပ်ရှင်လောကတွင် ပထမအချက်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် ရုပ်ရှင်လောကသားများ ရွေးကောက်တင်မြှောက်ထားသော အမှုဆောင်လူကြီးများ ဦးဆောင်သည့် လွတ်လပ်သောအဖွဲ့အစည်းကြီးအဖြစ် တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နှစ်အချက်၊ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုများသည် ပြီးခဲ့သည့် ၄-၅ နှစ်အတွင်း အရေအတွက်အားဖြင့် အလွန်လျင်မြန်စွာ တိုးတက်ခဲ့ကြောင်း၊ ထို့အတွက် ရုပ်ရှင်ရုံနှင့် ရုပ်ရှင်ကား မမျှတသည့်အနေအထားတစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း၊ သို့သော် စျေးကွက်သဘောတရားအရ ရုပ်ရှင်ရုံလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် လုပ်ငန်းရှင်များ ပေါ်ထွက်လာသည့်အတွက် ရုပ်ရှင်ရုံများ တစ်နေ့တခြား တိုးပွားလာနေပါကြောင်း၊ ဒီအတွက် တစ်နှစ်၊ နှစ်နှစ် အတွင်း ရုံနှင့်ကား မျှတသွားနိုင်သည့်အခြေအနေ ရှိနေပါကြောင်း။

သုံးအချက်၊ တစ်ဖက်တွင် ရုပ်ရှင်ဖန်တီးမှုအပိုင်းတွင် တိုးတက်ပြောင်းလဲမှုများရှိလာကြောင်း၊ စိတ်ကူးစိတ်သန်းသစ်၊ နည်းပညာသစ်၊ ဖန်တီးမှုအသစ်များ ပေါ်လာကြောင်း၊ လူငယ်လူသစ်များ ဝင်ရောက်လာကြောင်း၊ ရုပ်ရှင်ကို အကောင်းဆုံး၊ အပီပြင်ဆုံး ရိုက်မည်ဆိုသည့် စိတ်ဓာတ်များ ထက်သန်လာနေကြောင်း၊ ထို့ပြင် ရုပ်ရှင်ကား ကောင်းလျှင် ဝင်ငွေကောင်းမည်ဆိုသည့် ယုံကြည်မှုဖြင့် ရုပ်ရှင်လောကထဲ ဝင်ရောက်ပြီး ရင်းနှီးမြှုပ်နှံမည့်သူများလည်း တိုးပွားလာနေကြောင်း။

ဒါတွေသည် မြန်မာ့ရုပ်ရှင်လောကအတွက် ကောင်းသောအလားအလာများ တည်ရှိနေသည်ကို ပြသနေသည်ဟု မိမိမြင်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့်ပြောရလျှင် မြန်မာ့ရုပ်ရှင်သည် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သော အခြေခံအချက်များ ပြည့်စုံလာနေပြီဖြစ်ကြောင်း၊ အောင်မြင်မှုအသီးအပွင့်များ စတင်ခံစားရမည့်အချိန်တွင် ကိုဗစ်- ၁၉ ကြောင့် တံဆိုင်းရပ်တန့်သွားရခြင်းသာဖြစ်ကြောင်း၊ ဒါပေမယ့် ရောဂါဘေးအန္တရာယ်ကင်းစင်သွားသည့်အချိန်တွင် အရင်ကရှိနှင့်သည့် အခြေခံကောင်းများနှင့် ရုပ်ရှင်အနုပညာသမားတို့၏ စွမ်းပကားများကြောင့် ပြန်လည် တောက်ပထင်ရှားလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း မြန်မာ့ရုပ်ရှင်ရာပြည့်အခါသမယတွင် အလေးအနက် ပြောကြားအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဝမ်းမြောက်စကား ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ယင်းမှာ မြန်မာ့ရုပ်ရှင်လောကအတွက် ဂုဏ်ယူစရာ မင်္ဂလာရှိသည့် ရက်မြတ်အခါသမယဖြစ်ပါကြောင်း၊ ဤရက်မြတ်အခါသမယတွင် မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအားလုံး မြန်မာ့ရုပ်ရှင်လောကကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုမှတ်တမ်းတင်ပါသည်ဟု ပြောကြားလိုပါကြောင်း၊ မြန်မာ့ရုပ်ရှင်သည် ပြည်သူလူထု၏ နှလုံးသားထဲတွင် ရှင်သန်နေသည့် ရုပ်ရှင်ဖြစ်ပါကြောင်း၊ ရုပ်ရှင်သည် အခြား ဂီတ၊ အနုပညာများနှင့် ကြည့်မည်ဆိုလျှင် အရပ်ရော၊ အသံရောအားလုံးကို ကြားရမြင်ရပြီး စုစည်းသည့်ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ရုပ်ရှင်ကြည့်သည့်နေရာတွင်လည်း အသိုင်းအဝိုင်းနှင့် အစုအစည်းနှင့် ကြည့်ကြရခြင်းဖြစ်သည့်အတွက် ရုပ်ရှင်သည် ပြည်သူများ၏ နှလုံးသားတွင် ပို၍ ခုံမင်စေပါကြောင်း။

**အမြဲတမ်း အမှတ်ရနေစရာရှိ**

ရုပ်ရှင်ကဏ္ဍအောင်မြင်နိုင်ရန်အတွက် ရုပ်ရှင်လောကကြီးသည် နှစ် (၁၀၀) ကျော် ရုန်းကန်၊ ဖြတ်သန်းခဲ့ကြရပါကြောင်း၊ ထိုရုန်းကန်ဖြတ်သန်းမှုများထဲတွင် အတက်အကျများ၊ အနိမ့်အမြင့်များ အများကြီးကို ဖြတ်သန်းခဲ့ကြရခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင် ရှင်သန်နိုင်ရန်အတွက် အနုပညာသမားများ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်လောကသားများက ရုန်းကန်မှုများ၊ အခက်အခဲမြောက်မြားစွာကို ကြုံဆုံခဲ့ရသည်ဆိုသည်မှာ မိမိတို့ အမြဲတမ်းအမှတ်ရနေစရာရှိပါကြောင်း၊သို့သော်အောင်မြင်သည့်ခေတ်ကာလများ၊ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ရုပ်ရှင်လောက ခေတ်တစ်ခေတ်ကို ရောက်ရန်အတွက်လည်း ကြိုးပမ်းအားထုတ်နေကြသည်ကို မိမိတို့ တွေ့မြင်ရပါကြောင်း၊ ထို့အတွက်လည်း ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ပိုမိုအဆင့်မြင့်အောင်မြင်နိုင်ရန်အတွက် ရုပ်ရှင်လောကတွင် အနုပညာသမားများ၏ အခန်းကဏ္ဍပိုမိုတိုးတက်လာသလို ရုပ်ရှင်၏ အတတ်ပညာသည်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်း တိုးတက်လာနေပြီဖြစ်ပါကြောင်း၊ ထို့အတွက် မြန်မာ့ရုပ်ရှင်လောက နှစ် (၁၀၀) ပြည့်မှသည် နှစ်ပေါင်းများစွာ အောင်မြင်နိုင်ရန်အတွက်ရုပ်ရှင်လောကသားများ၏ ကြိုးပမ်းဆောင်ရွက်မှုကို မိမိတို့ ပြည်သူများက အမြဲတမ်းအမှတ်ရနေမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်သည် ပြည်သူ့အတွက် အကျိုးပြုနိုင်သည့်၊ ပြည်သူ့ဘဝကို ထင်ဟပ်စေနိုင်ပြီး ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်စေနိုင်သည့် ရုပ်ရှင်လောကတစ်ခုဖြစ်ရန် နှစ်ပေါင်းရာနှင့်၊ ထောင်နှင့်ချီပြီး ရှင်သန်နိုင်သည့် ရုပ်ရှင်လောကကြီးဖြစ်ရန်အတွက် ရုပ်ရှင်လောကသားများအားလုံး၊ အနုပညာသည်များအားလုံး၊ အတတ်ပညာရှင်များနှင့် ရုပ်ရှင်ကို အားပေးကြသည့်၊ အနုပညာကို မြတ်နိုးကြသည့် ပြည်သူ့ပရိသတ်အားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာ့ရုပ်ရှင်အောင်မြင်တိုးတက်ပါစေကြောင်း နှစ် (၁၀၀) ပြည့်တွင် နှုတ်ခွန်းဆက်သလိုက်ရပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ဝမ်းမြောက်စကား ပြောကြားရာတွင် ယနေ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် မြန်မာ့ရုပ်ရှင် ပေါ်ထွန်းခဲ့သည်မှာ နှစ် (၁၀၀) သက်တမ်းပြည့်ပြီ ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါဘေးကြောင့် ယခုကဲ့သို့ အကျဉ်းချုံးပြီး ကျင်းပရသည့်အတွက် ရုပ်ရှင်ချစ်သူများကိုယ်စား မြန်မာ့ရုပ်ရှင်ကို အထူးပင်အားနာမိပါကြောင်း၊ မျက်နှာလည်းပူမိပါကြောင်း၊ ယူကျုံးမရလည်း ဖြစ်မိပါကြောင်း၊ သို့သော် အားမငယ်စေလိုပါကြောင်း၊ မြန်မာ့ရုပ်ရှင်ကို ချစ်သည့် ပရိသတ်များ များစွာရှိပါသေးကြောင်း၊ ရုပ်ရှင်လောကသားများလည်း များစွာရှိပါသေးကြောင်း၊ ကိုဗစ် - ၁၉ ကပ်ရောဂါကို အတူတူရင်ဆိုင်ကျော်လွှားဖြတ်သန်းကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆုများ ချီးမြှင့်**

ထို့နောက် ဆောင်းပါးပြိုင်ပွဲ စီစဉ်ကျင်းပခဲ့မှု Video Clip ကို ဖွင့်လှစ်ပြသပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ကျင်းပခဲ့မှု Video Clip ကို ဖွင့်လှစ်ပြသပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။ (ဆုရရှိသူများစာရင်းကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ဆောင်းပါးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဇာတ်လမ်းတိုပြိုင်ပွဲများ စီစဉ်ကျင်းပပေးခြင်းအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဒါရိုက်တာ စည်သူ ဦးကြည်စိုးထွန်းအားလည်းကောင်း၊ ရုပ်ရှင်သမိုင်းပြတိုက် စီစဉ်ပြသခြင်း Video Clip ဖွင့်လှစ်ပြသမှုနှင့် ၎င်းအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ စည်သူ ဦးအောင်မြင့်မြတ်အားလည်းကောင်း၊ ရုပ်ရှင်ဇာတ်ကား (၁၀၀) စီစဉ်ပြသခဲ့မှု Video Clip ဖွင့်လှစ်ပြသခြင်းနှင့် ၎င်းအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးအားလည်းကောင်း၊ ရုပ်ရှင်ဇာတ်ဝင်တေး (၁၀၀) သီဆိုတင်ဆက်ခဲ့မှု Video Clip ဖွင့်လှစ်ပြသခြင်းနှင့် ၎င်းအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် Emperor တေးဂီတအဖွဲ့မှ ဦးဇော်ဝင်းထွဋ်တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင်ရေးသားသည့် မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုသီချင်းအား ထုတ်လွှင့်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအခမ်းအနားကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များနှင့်အညီ မြန်မာ့ရုပ်မြင်သံကြားက ကြိုတင်ရိုက်ကူးထားသည်ကို ထုတ်လွှင့်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပေါင်းစပ်ထုတ်လုပ်ခြင်း စသည်ဖြင့် Virtual စနစ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်း

| စဉ် | ပြိုင်ပွဲဝင်အမည်/အဖွဲ့ | ပြိုင်ပွဲအမည် | ရရှိသည့်အဆင့် |
|---|---|---|---|
| ၁။ | ကိုတူး(သာယာမြိုင်) | ဆောင်းပါးပြိုင်ပွဲ | ပထမဆု |
| ၂။ | သက်ဝေမျူး | ဆောင်းပါးပြိုင်ပွဲ | ဒုတိယဆု |
| ၃။ | သစ္စာဝါဒီဦးမြင့်အောင် | ဆောင်းပါးပြိုင်ပွဲ | တတိယဆု |
| ၄။ | ခင်အေးအေးဟန် | ဆောင်းပါးပြိုင်ပွဲ | အထူးဆု |
| ၅။ | မင်းဗေဒါ(ပွင့်ဖြူ) | ဆောင်းပါးပြိုင်ပွဲ | အထူးဆု |
| ၆။ | မောင်သန်းဝင်း (ရန်ကုန်တက္ကသိုလ်) | ဆောင်းပါးပြိုင်ပွဲ | အထူးဆု |
| ၇။ | လှတိုး(စိတ်ပညာ) | ဆောင်းပါးပြိုင်ပွဲ | အထူးဆု |
| ၈။ | မင်းသွေးငယ် (ရာမညမြေ) | ဆောင်းပါးပြိုင်ပွဲ | အထူးဆု |
| ၉။ | ရွှေငွေထိန်အဖွဲ့ | ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ | ပထမဆု |
| ၁၀။ | Triangle အဖွဲ့ | ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ | ဒုတိယဆု |
| ၁၁။ | ရုပ်ရှင်ချစ်တဲ့သူအဖွဲ့ | ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ | တတိယဆု |
| ၁၂။ | Three Stars အဖွဲ့ | ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ | နှစ်သိမ့်ဆု |
| ၁၃။ | မင်းသွင်ခန့် | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (short film) | ဂုဏ်ပြုလက်မှတ် |
| ၁၄။ | ဟိုဏ်းသွေး | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (short film) | ဂုဏ်ပြုလက်မှတ် |
| ၁၅။ | ချစ်ချစ်ချော | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (short film) | ဂုဏ်ပြုလက်မှတ် |
| ၁၆။ | စိုးပြည့်မောင်(ခ)ကိုစိုင်း | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (short film) | ဂုဏ်ပြုလက်မှတ် |
| ၁၇။ | အောင်ဖြိုးဦး+ပြည့်ဖြိုးမောင် | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (short film) | ဂုဏ်ပြုလက်မှတ် |
| ၁၈။ | အမရာစံ | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (short film) | ဂုဏ်ပြုလက်မှတ် |
| ၁၉။ | ရဲမာန်အောင် | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (short film) | ဂုဏ်ပြုလက်မှတ် |
| ၂၀။ | အောင်အောင် | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (Documentary film) | ဂုဏ်ပြုလက်မှတ် |
| ၂၁။ | Judy Cole | ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ (Animation Film) | ဂုဏ်ပြုလက်မှတ် |

○ ကျောဖုံးမှ

ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညီနှိုင်းရေးမှူးနှင့် လူသားချင်းစာနာကူညီမှုညီနှိုင်းရေးမှူး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဧည့်နေကြားရေးမှူးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြောင်းလဲခေါ်တွင်ခဲ့**

အခမ်းအနားတွင် ဒုတိယသမ္မတက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ (International Day for Disaster Reduction– IDDR)အဖြစ် ၂၀၀၉ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပါကြောင်း၊ လွန်ခဲ့သည့် ၂၀၁၉ ခုနှစ်က ဘေးအန္တရာယ်များကို လျှော့ချရေးဆိုသည်ထက် ဘေးဖြစ်လျှင် ထိခိုက်နိုင်ခြေများကို လျှော့ချဖို့အရေးသည် ပို၍အရေးပါသည်ဟု စဉ်းစားသုံးသပ်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction– IDDRR)အဖြစ် ပြောင်းလဲခေါ်တွင်ခဲ့ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန့်ဒိုင်းမူဘောင် (၂၀၁၅–၂၀၃၀)၏ ပန်းတိုင်(E)ဖြစ်သည့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ မဟာဗျူဟာများနှင့် စီမံချက်များ အဆင်သင့်ရှိနေရေးနှင့် လက်တွေ့အကောင်အထည်ဖော်ကြရေး၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်ပေးနိုင်ရေးနှင့် လက်ရှိဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာများနှင့် စီမံချက်များတွင် ကူးစက်ရောဂါအပါအဝင် ဧီဝဗေဒဆိုင်ရာဘေးအန္တရာယ်များအတွက် အစီအမံများကိုပါ ထည့်သွင်းရေးဆွဲဆောင်ရွက်ပေးကြရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး အဆိုပါရည်ရွယ်ချက်သုံးချက်ကို ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အထင်ရှားဆုံးဥပမာ**

COVID–19 ကူးစက်ရောဂါဖြစ်ပွားမှုများ မြင့်တက်နေချိန်တွင် လူတိုင်းလူတိုင်းအခက်အခဲကိုယ်စီ ကြုံတွေ့နေကြရပါကြောင်း၊ ထိုသို့သော အခက်အခဲကို မိမိတို့အတွက် ယခုတစ်ကြိမ်သာ ကြုံတွေ့ရမည်ဟု မည်သူမျှတစ်ထစ်ချပြော၍ မရပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့သော အခက်အခဲကို အခွင့်အရေးတစ်ရပ်အဖြစ်ပါမှတ်ယူပြီး နောင်ကာလများအတွက် ပြင်ဆင်နိုင်သည်များနှင့် သင်ယူနိုင်သည်များကို ရယူဆုပ်ကိုင်နိုင်ရန် လိုအပ်ပါကြောင်း၊ COVID ဘေးအန္တရာယ်နှင့် လက်တွေ့ရင်ဆိုင်နေရချိန်တွင် ယခုကဲ့သို့သော အခမ်းအနားပြုလုပ်ခြင်းသည် အမှန်တကယ် ပို၍လေးနက်မှုရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် သဘာဝဘေးများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများသာမက ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းများတွင်ပါ အတော်အသင့် လုပ်ဆောင်နိုင်ကြပြီဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာတွင် ကြုံတွေ့ရသည့် ကပ်ရောဂါဘေးများနှင့်စပ်လျဉ်း၍ COVID–19 ကပ်ရောဂါသည် မိမိတို့အားလုံး၏ ကျန်းမာရေးဆိုင်ရာ အသိအမြင်များ နိုးကြားလာရန် အချက်ပေးလိုက်သည့် ခေါင်းလောင်းသံဖြစ်နေ၍ပင်ဖြစ်ပါကြောင်း၊ သဘာဝတရားကြီးနှင့် ဆက်စပ်သည့် ဘေးအန္တရာယ်များအပြင် ပြည်သူ့ကျန်းမာရေးနှင့်ဆက်စပ်နေသည့် ဘေးအန္တရာယ်များအတွက်ပါ မိမိတို့အားလုံး ပို၍အလေးထားလုပ်ဆောင်ရန် လိုအပ်လာပြီဆိုသည်မှာ COVID–19 က အထင်ရှားဆုံး ဥပမာတစ်ခုဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်ကတည်းက ရေးဆွဲအတည်ပြုထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေတွင် လူနှင့်တိရစ္ဆာန်တို့ကြောင့် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဘေးများကိုပါ ဘေးအန္တရာယ်အနေဖြင့် သတ်မှတ်ထားပါကြောင်း၊ လက်တွေ့တွင် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းဝင်ရောက်ခြင်း စသည့် အမြဲလိုလိုကြုံတွေ့နေရသည့် သဘာဝဘေးများနှင့် ဆက်စပ်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများကိုသာ ပိုမိုလုပ်ဆောင်နေရပြီး ယခုနှစ်များအတွင်း ကူးစက်ရောဂါဘေးအန္တရာယ်အတွက် ပထမဆုံးတိုက်ရိုက် ရင်ဆိုင်ရသည်မှာ ယခု COVID–19 ပင်ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်း၍ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ဘေးအန္တရာယ်များကို စီမံခန့်ခွဲရာတွင် ၎င်းတို့၏ သဘောသဘာဝများကို နားလည်နိုင်ရန်၊ ဖြစ်ခဲ့ဖူးသည့် ဘေးများကို အမြဲမပြတ် သုံးသပ်အကဲဖြတ်နေရန်နှင့် အနာဂတတွင် ဖြစ်လာနိုင်သည့်အခြေအနေများကိုပါ ခန့်မှန်းတွက်ဆနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ စာရင်း ၆ယားများအရ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်အတွင်း ဆိုးရွားပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များသည် ကမ္ဘာတွင် ၈၀ ရာခိုင်နှုန်းနီးပါးအထိ တိုးမြင့်လာခဲ့ပါကြောင်း၊ ထို့အတူ ကမ္ဘာပေါ်ရှိ ဘေးသင့်သူဦးရေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်သည်လည်း ရာသီဥတုနှင့်ဆက်စပ်သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားကြရသူများဖြစ်ပါကြောင်း၊ ထိခိုက်ဆုံးရှုံးမှုများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုလျှင် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ဘေးအန္တရာယ်များကြောင့် သေဆုံးသူစုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများကဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း တစ်ကမ္ဘာလုံးတွင် ဘေးသင့်သူ စုစုပေါင်း ၈၈ သန်းခန့်ရှိခဲ့ရာ အဆိုပါ ဘေးသင့်သူများမှ ရေဘေးကြောင့် ဒုက္ခခံစားရသူပေါင်း ၇၆ သန်းရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၆ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် တစ်နှစ်တည်းကို ကြည့်မည်ဆိုပါက ပြီးခဲ့သည့်ဧရိယာ၊ ဩဂုတ်လလောက်ကစ၍ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ တောင်ကိုရီးယား၊ ယီမင်နှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး အမြောက်အမြား သေဆုံးခဲ့ကြရပါကြောင်း။

**စီးပွားရေးများစွာထိခိုက်**

ရေကြီးမှုများ၊ ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မြေငလျင်၊ မြေပြိုကမ်းပြိုဘေး၊ လေပြင်းဘေးနှင့် မိုးခေါင်ရေရှားဘေးစသည့် သဘာဝဘေးအန္တရာယ်များသည် မြန်မာပြည်သူလူထုနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးကို များစွာထိခိုက်စေပါကြောင်း၊ မြန်မာနိုင်ငံတွင် ပျမ်းမျှအားဖြင့် လူဦးရေတစ်သန်းကျော်ခန့်သည် ရေကြီးမှုဘေးနှင့် ဆိုင်ကလုန်းမုန်တိုင်းဘေးတို့ကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်းသည့် ခန့်မှန်းချက်များအရ မိမိတို့နိုင်ငံတွင် မိုးရွာသွန်းမှု ပိုမိုများပြားလာဖွယ်ရှိပြီး မြစ်ရေကြီးမှုအန္တရာယ် မြင့်တက်လာနိုင်ပါကြောင်း၊ ထို့ပြင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ချိန်များတွင် မုန်တိုင်းဒီရေအန္တရာယ် ပိုမိုကြီးမားလာဖွယ်ရှိပါကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့အားလုံး ကြုံတွေ့နေကျဘေးအန္တရာယ်များအပြင် အခြားသောအန္တရာယ်များဖြစ်သည့် တိရစ္ဆာန်များမှတစ်ဆင့်ဖြစ်စေ၊ လူအချင်းချင်းကဖြစ်စေ ကူးစက်နိုင်သည့် ကပ်ရောဂါဘေးများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများနှင့် ရာသီဥတုဆိုင်ရာ ပြင်းထန်ဆိုးရွားသည့် ဖြစ်စဉ်များအတွက်ပါ ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့အားလုံးရင်ဆိုင်နေကြရသည့် COVID–19 ကမ္ဘာ့ကပ်ရောဂါဘေးသည် အဖွဲ့အစည်းတစ်ခုတည်းက ကိုင်တွယ်ဆောင်ရွက်၍ရသော ကိစ္စရပ်မဟုတ်သည့်အတွက် နိုင်ငံများ၏ စီမံအုပ်ချုပ်မှုစနစ်ကို စမ်းသပ်စိန်ခေါ်လိုက်သည့် ဘေးအန္တရာယ်ဟုဆိုရမည်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ထူးခြားစွာ IDDRR နေ့၏ ဆောင်ပုဒ်သည် စီမံအုပ်ချုပ်မှုစနစ် ထိရောက်ကောင်းမွန်ရေးသည် မည်မျှအထိ အရေးကြီးသည်ကို မီးမောင်းထိုးပြနေပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် “ပေါင်းစည်းညီညွတ်သောစီမံဆောင်ရွက်မှုမှသည် သဘာဝဘေးလျော့ပါးရေးဆီသို့”(It’s All About Governance)ဆိုသည့်အတိုင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုများ လုပ်ဆောင်သည့်အခါ ‘သူတစ်လူ၊ ငါတစ်မင်း’လုပ်၍ မရပါကြောင်း၊ မိမိတို့အားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သည့် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင်ရေး ပူးပေါင်းပါဝင်ကြသူများအားလုံးအနေဖြင့် အထက်အောက်၊ ဘေးတိုက်၊ ၃၆၀ ဒီဂရီပေါင်းစပ်ညှိနှိုင်းပြီး ဟန်ချက်ညီညီ လုပ်ဆောင်နိုင်မှသာ ရည်မှန်းချက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ ကောင်းမွန်ပြည့်စုံပြီး ပေါင်းစည်းညီညွတ်သည့် စီမံဆောင်ရွက်မှုများဖြစ်စေရန် မိမိတို့၌ ဥပဒေများ၊ မူဝါဒများ၊ အဖွဲ့အစည်းများ၊ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအမံများရှိရန် လိုအပ်ပါကြောင်း။

**စီမံအုပ်ချုပ်မှုသစ်ပင်**

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် စီမံချက်များရှိခြင်းဖြင့် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်နိုင်မည်ဖြစ်သည့်အပြင် လိုအပ်သည့်အရင်းအမြစ်များ ရရှိနိုင်ရေးကိုပါ အထောက်အပံ့ဖြစ်စေပါကြောင်း၊ ထိုအစီအမံများကို မည်သူတို့က ဦးဆောင်အကောင်အထည်ဖော်မည်၊ ဘယ်သူတို့က ပူးပေါင်းပံ့ပိုးမည်၊ လိုအပ်သည့် နည်းပညာနှင့် အရင်းအမြစ်များက မည်သည်တို့ဖြစ်သည်၊ မည်သို့သော နည်းလမ်းများဖြင့် အကောင်အထည်ဖော်မည်၊ မည်သည့်အချိန်ကာလတွင် ပြီးစီးအောင်ဆောင်ရွက်ကြမည် စသည်တို့သည် စီမံအုပ်ချုပ်မှုဟူသည့် သစ်ပင်၏ အကိုင်းအခက်များပင်ဖြစ်ပါကြောင်း၊ ပင်စည်နှင့် ရေသောက်မြစ်ဖြစ်သည့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ပြည့်ဝမှုတို့သည်လည်း Governance ဟူသည့် စီမံအုပ်ချုပ်မှုသစ်ပင် စည်ပင်တိုးပွားတည်တံ့စေရေးအတွက် လွန်စွာအရေးကြီးပါကြောင်း။

ဘေးအန္တရာယ်အမျိုးအစား၊ ဖြစ်ပွားမှုအနေအထားများနှင့် ပြင်းအားများသည် တစ်သမတ်တည်းမရှိတော့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်ဆယ်စုနှစ်ကာလများက လူသားများနှင့် သဘာဝပတ်ဝန်းကျင်အကြားအပြန်အလှန်အမှီသဟဲပြုနေမှု ဂေဟစနစ်ကို လျစ်လျူရှုပြုမူခဲ့မိသည့် ဆိုးကျိုးများကို ယနေ့ကမ္ဘာတွင် တွေ့ကြုံခံစားနေကြရခြင်းဖြစ်ပါကြောင်း၊ အချိန်မလွန်ခင် ပြန်လည်ပြင်ဆင်ကုစားကြရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ရေရှည်တွင် သဘာဝဘေးများကို လျှော့ချနိုင်ရေးအတွက် မိမိတို့ပတ်ဝန်းကျင် ဂေဟစနစ်များကို ပြန်လည်ထိန်းညှိရန်လိုအပ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံဆောင်ရွက်မှုများကိုလည်း ပိုမိုအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့ မျိုးဆက်နှင့် နောင်မျိုးဆက်များအားလုံးအတွက် လုံခြုံစိတ်ချပြီး ဘေးဒဏ် ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်သည့် လူ့အဖွဲ့အစည်းကို လက်ဆင့်ကမ်းပေးခဲ့နိုင်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း အမြော်အမြင်ရှိရှိ စီမံခန့်ခွဲတတ်သည့် အလေ့အကျင့်ကို ပြုစုပျိုးထောင်ပေးခဲ့နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်မိမိတို့အားလုံး၏ ပေါင်းစည်းညီညွတ်သည့် စီမံဆောင်ရွက်မှုများမှတစ်ဆင့် သဘာဝဘေးလျော့ပါးသည့် အနာဂတ်လူ့ဘောင်သစ်ဆီသို့ အရောက်လှမ်းတက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် United Nations Resident Coordination and Humanitarian Coordinator, Mr. Ola Almgren က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အခမ်းအနားဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကမ္ဘောဇဘဏ်က မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**မုံရွာ အောက်တိုဘာ ၁၃**

ကမ္ဘောဇဘဏ်က ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေချိန်ကာလတွင် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို နိုင်ငံတစ်ဝန်းသို့ပေးပို့လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံသို့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခဲ့သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ်(မုံရွာဘဏ်ခွဲ)တာဝန်ခံ ဒေါ်ကြူကြူလွင်နှင့် အခြားဘဏ်ခွဲအသီးသီးမှ တာဝန်ခံများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ဆေးရုံသုံးနှာခေါင်းစည်း တစ်သိန်း၊ ခေါင်းစွပ် ၁၀၀၀၊ လက်အိတ် ၅၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၅၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၀၊ မျက်မှန် ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ တို့ကို မုံရွာမြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၇၅၃ သိန်း လှူဒါန်းထားပြီး ဆက်လက်၍ နိုင်ငံတော်နှင့်ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန် လိုအပ်သည့်နေရာ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ကိုကျော်**

# ပို့ကုန်မြှင့်တင်ရေးနှင့်ကုန်သွယ်မှုအခြေအနေ သုံးသပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**
ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှုအခြေအနေသုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

**စီးပွားရေးမြှင့်တင်ရန်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုအခြေအနေနှင့် ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက် ၃၃ ဘီလီယံ၏ ၁၀၉ ဒသမ ၇၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲမှုလျှော့ချခြင်းတို့ကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးသည် မြန်မာပြည်သူအများစု၏ လူမှုဘဝတစ်ခုဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခြားဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်၍ လယ်ယာထွက်ကုန်သီးနှံများ၏ ထွက်ရှိမှု၊ အထွက်နှုန်း၊ ပြည်ပတင်ပို့နိုင်မှုနှင့် စျေးကွက်ပေါက်စျေးအလားအလာများ၊ ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှုမူဝါဒများနှင့် ဝယ်လိုအား၊ ထုတ်လုပ်မှု၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ ရာသီဥတုအခြေအနေ၊ စျေးနှုန်း၊ စျေးကွက်အခြေအနေများကို

လုပ်ငန်းရှင်များ၊ တောင်သူများသိရှိနိုင်ရန် အမြဲဆောင်ရွက်နေကြောင်း၊ ပို့ကုန်မြှင့်တင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာချမှတ်၍ စီးပွားရေးကို မြှင့်တင်ရန်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက်လည်း ကုန်စည်ပြပွဲများပြုလုပ်ခြင်း၊ အလားအလာရှိသော ကုန်စည်များအား အားပေးမြှင့်တင်ခြင်း၊ နိုင်ငံတကာကုန်စည်ပြပွဲများသို့ ပါဝင်ပြသနိုင်ရေး ပံ့ပိုးကူညီပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း သစ်သီးဝလံများ စျေးကွက်တည်ငြိမ်မှုရှိစေရန်နှင့် စျေးကွက်အသစ်ရှာဖွေနိုင်ရန်အတွက် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ကုန်စည်ပြပွဲများကို Online မှ ကျင်းပနိုင်ရေးအတွက် Myanmar Online Expo Park ကို တည်ထောင်ခဲ့ပြီး ပထမဆုံး Online ကုန်စည်ပြပွဲဖြစ်သည့် Myanmar International Expo of Organic and Natural Products ကို ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း၊ ထိုသို့ Online မှ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ထွက်ကုန်များကို အပြည်ပြည်ဆိုင်ရာ စျေးကွက်သို့ ချိတ်ဆက်နိုင်မည့် Platform အဖြစ် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး လယ်ယာထွက်ကုန်များအတွက် စျေးကွက်သစ်များကို ဖန်တီးပေးခြင်းဖြင့် ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် တစ်နစ်ထက်တစ်နစ် ကုန်သွယ်မှုအခန်းကဏ္ဍ မြင့်မားအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပို့ကုန်အလားအလာများနှင့်စပ်လျဉ်းပြီး အကြံဉာဏ်ကောင်းများ၊ သုံးသပ်ချက်များ ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများက ပို့ကုန်မြှင့်တင်ရေးကိစ္စရပ်များ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏနှင့် ပို့ကုန်တင်ပို့နိုင်ခဲ့မှုအပေါ်သုံးသပ်ခြင်း၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များ၊ ပို့ကုန်ရွေးချယ်ခြင်းလုပ်ငန်းစဉ်များနှင့် တောင်သူများ၊ လုပ်ငန်းရှင်များ၊ စက်ရုံများတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီစင်တာသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်၊ အစ္စရေး၊ အီတလီနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ လာရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၁၃**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဧရာဝတီဖောင်ဒေးရှင်းက ကိုဗစ်-၁၉ လူနာများအား ကုသပေးလျက်ရှိသည့် ဧရာဝတီစင်တာသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်၊ အစ္စရေးနှင့် အီတလီနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ လာရောက်လေ့လာကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Maruyama Ichiro သည် ဧရာဝတီစင်တာသို့ လာရောက်ကြည့်ရှုရာ ဧရာဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး သံအမတ်ကြီးက ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သမျှဝိုင်းဝန်း ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အလားတူ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mr. Ronen Gilor နှင့် သံရုံးတာဝန်ရှိသူများသည်လည်း ဧရာဝတီစင်တာသို့ လာရောက်ကြည့်ရှုခဲ့ရာ တာဝန်ရှိသူများက ကုသဆောင် များနှင့် ICU၊ HDU အရေးပေါ်ကြပ်မတ်ကုသဆောင်တို့ကို လိုက်လံပြသသည်။ အစ္စရေးသံအမတ်ကြီးအနေဖြင့် ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် လိုအပ်မှုများအား တတ်နိုင်သမျှ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး Ms. Alessandra Schiavo နှင့် ဧရာဝတီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် အွန်လိုင်းအစည်းအဝေး ပြုလုပ်ကြရာ အီတလီနိုင်ငံ သံအမတ်ကြီးက ဧရာဝတီစင်တာ လုပ်ငန်းဆောင်ရွက်မှုများကို သံရုံးတာဝန်ရှိသူများ ကြည့်ရှုခွင့်ရ၍ ကျေးဇူးတင်ကြောင်း၊ ICU၊ HDU ကုသဆောင်တွင် ဆရာဝန်ကြီးများ၏ ကုသရေးလုပ်ငန်းများကိုလည်း တတ်နိုင်သမျှ ဝိုင်းဝန်းကူညီ ဆောင်ရွက်လိုကြောင်း၊ အီတလီနိုင်ငံတွင် ရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ ရောဂါ အခြေအနေနှင့် ကုသရေး အတွေ့အကြုံများကိုလည်း မျှဝေပေးလိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း အီတလီမှ ဆရာဝန်ကြီးများနှင့် ကျွမ်းကျင်သူများ၏ ICU၊ HDU ဆိုင်ရာ သင်တန်းများပို့ချခြင်းနှင့် လိုအပ်သည့် ကူညီပံ့ပိုးခြင်းများ ပြုလုပ်ပေးလိုကြောင်း ပြောကြားသည်။

ဦးဇော်ဇော်က ဧရာဝတီစင်တာသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုများဖြင့် ဆောင်ရွက်နေသည့် စင်တာဖြစ်ပါကြောင်း၊ သံအမတ်ကြီး၏ အစီအစဉ်ကို ဝန်ကြီးဌာနသို့တင်ပြပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိ၍ အီတလီနိုင်ငံမှ ဆရာဝန်ကြီးများနှင့် ကုသရေးဆိုင်ရာ ကျွမ်းကျင်သူများ ရောက်ရှိလာပါက မိမိအနေဖြင့် နေထိုင်သွားလာစားသောက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - ကိုမိုး**

# POSCO International Corporation က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ Test Kit များ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၃**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုရီးယားနိုင်ငံထုတ် RT-PCR Test Kit and Rapid Antigen Test Kit များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာနခွဲ ယနေ့ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန်ရေနံအခြေစိုက်စခန်း အထွေထွေမန်နေဂျာ ဦးတင်ထွန်းနိုင်နှင့် POSCO International Corporation မှ Managing Director, Mr. Jung Hwan Lee တို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းထံ Test Kit များ ပေးအပ်လှူဒါန်းသည်။

အဆိုပါ POSCO International Corporation ကုမ္ပဏီသည် MOGE နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနရှိ ဓာတ်ခွဲခန်းသို့ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ လှူဒါန်းခြင်းကို ပထမအကြိမ်အဖြစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၁၁၀၀၀၀ တန်ဖိုးရှိ RT-PCR Test Kit ၁၀၀၀၀ ကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် သြဂုတ်လတွင် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ တန်ဖိုးရှိ RT-PCR (QIA CubeHI (QIAGEN)) စက်နှင့် RT-PCR Test Kit ၇၂၀၀ ခုကို လည်းကောင်း၊ တတိယအကြိမ်အဖြစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ RT-PCR Test Kit ၁၅၀၀၀ တို့ကို လည်းကောင်း လှူဒါန်းခဲ့ပြီးဖြစ်သည်။ ယခုအကြိမ်သည် စတုတ္ထအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ Rapid Antigen Test Kit ၁၃၆၅၂ ခု လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းလှူဒါန်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၆၀၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကူမဲငါးလုပ်ငန်းစခန်း၌ GAqP နည်းဖြင့် ငါးသားပေါက်များ ထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ကူမဲ အောက်တိုဘာ ၁၃**
မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မော်မော်သန်းနှင့်အဖွဲ့သည် ယနေ့တွင် ကူမဲငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီးကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)စနစ်နှင့်အညီ ငါးသားပေါက်များ ထုတ်လုပ်စေရန်အတွက် ရေဝင်/ရေထွက်မြောင်း စစ်ဆေးခြင်း၊ ငါးအစာများထားရှိမှု စစ်ဆေးခြင်း၊ ငါးသားဖောက်ရုံအား စစ်ဆေးခြင်း၊ ရေစစ်ကန်အား စစ်ဆေးခြင်းများအား ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ရေသွင်းမြောင်းများကို အဆင့်မြှင့်တင်စေခြင်း၊ မူလအစာ ဂိုဒေါင်ဟောင်းအား ကန့်၍ ထုံးဂိုဒေါင်အဖြစ် အသုံးပြုစေခြင်း၊ GAqPစနစ်နှင့်အညီ အစာဂိုဒေါင်အား ပြုပြင်သုံးစွဲစေခြင်းစသည့်အချက်များအား ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် COVID-19 Mobile Swab Collection မော်တော်ယာဉ် ရှစ်စီး လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးအတွင်း လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် အလှူရှင်များက COVID-19 Mobile Swab Collection Vehicle ရှစ်စီးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ယမန်နေ့ နံနက်ပိုင်းက လာရောက်လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မော်တော်ယာဉ် ရှစ်စီးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လိုအပ်သည့်နေရာများ၌ Swab နမူနာရယူသည့်အခါ အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်လှူဒါန်းသော အဆိုပါယာဉ်များတွင် ကျန်းမာရေးအထောက်အကူပြု ဆက်စပ်ပစ္စည်းများ၊ လေအေးပေးစနစ်၊ Electrical Safety စနစ်များလည်းပါဝင်ကြောင်း သိရသည်။

"ကိုဗစ်လူနာတွေကို မြန်မြန်ရှာ မြန်မြန် Quarantine ဝင်၊ မြန်မြန်ကုဖို့ အရေးကြီးတယ်၊ တတိနိုင်သလောက် လှူဖြစ်သွားတာပါ၊ အဓိက Swab ယူဖို့အတွက် လုပ်ပေးထားတာပါ၊ ဓာတ်ခွဲတာ မပါဘူး၊ Mobile Swab Station သဘောမျိုးပါ၊ Safety ဖြစ်အောင်လုပ်ထားတယ်၊ Swab ယူမယ့် ဆရာဝန် ပညာရှင်တွေ ကားထဲမှာနေပြီး ယူမယ်၊ ဘယ်နေရာမဆိုသွားလို့ရတယ်၊ အပြင်ကပိုးပါတဲ့လေ အထဲမဝင်အောင်၊ လုံအောင်လုပ်ထားတယ်၊ လျှပ်စစ်မီးရော၊ မီးစက်နဲ့ရော အသုံးပြုလို့ရတယ်၊ အားလုံးအပြီးအစီး ငွေကျပ် ၁၁၆ သိန်း ကုန်ကျပါတယ်၊ တခြား လှူချင်သူတွေ လှူလို့ရအောင် ကားအစီးအတိုင်းကို ငွေကျပ် သိန်း ၂၀ မျှဝေတဲ့အနေနဲ့ လှူပေးတာပါ၊ အလှူရှင်က ငွေကျပ် ၉၆ သိန်း ကုန်ကျမှာပါ"ဟု အလှူရှင် ဒေါက်တာကိုကိုအောင် (Century Auto Mart and Nissan Icon Auto) က ပြောသည်။

အဆိုပါ COVID-19 Mobile Swab Collection Vehicle အလှူရှင်များအနေဖြင့် ဒေါက်တာကိုကိုအောင်-ဒေါက်တာမိမိဇင် (Century Auto Mart and Nissan Icon Auto) မိသားစုက မော်တော်ယာဉ် နှစ်စီး၊ ဦးရန်အောင်-ဒေါ်ရင်ရွှင် (နယူးစတားစိန်ရွှေရတနာဆိုင်) မိသားစုက မော်တော်ယာဉ် တစ်စီး၊ New Star Light Constructioin Co.,Ltd. မိသားစုက မော်တော်ယာဉ် တစ်စီး၊ ဦးဇင်မင်းဆွေ-ဒေါ်မြသန္တာလင်း (C.A.D Construction and Decoration Company)မိသားစုက မော်တော်ယာဉ်တစ်စီး၊ဦးတင်ထွန်း-ဒေါ်နန်းအေးထွမ်း (ရွှေဝါမြေ(မန္တလေး) ကျောက်မျက်ကုမ္ပဏီလီမိတက်)မိသားစုက မော်တော်ယာဉ် တစ်စီး၊ Ngwe Yi Pale Group of Company မိသားစုက မော်တော်ယာဉ် တစ်စီးနှင့် Phwint Phyo Thit Company မိသားစုက မော်တော်ယာဉ် တစ်စီးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်လူနာများအား သွေးရည်ကြည်ကုထုံးဖြင့် ကုသပေးလျက်ရှိသောကြောင့် များစွာအထောက်အကူရရှိ

**ရန်ကုန် အောက်တိုဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်လူနာများ ရောဂါသက်သာပျောက်ကင်း၍ ကျန်းမာရေးကောင်းမွန်လာပါက အဆိုပါ ကျန်းမာရေးကောင်းမွန်လာသူများ၏ သွေးရည်ကြည်ကို အသုံးပြုကာ ကိုဗစ်ရောဂါ ပြင်းထန်သူများအား သွေးရည်ကြည်ကုထုံးဖြင့် ကုသပေးလျက်ရှိသောကြောင့် ကိုဗစ်လူနာများအတွက် များစွာအထောက်အကူရရှိစေကြောင်း သွေးရည်ကြည်ကုထုံး Ad-hoc ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြက ပြောသည်။

**သက်သာပျောက်ကင်း**

ကုသမှုခံယူပြီး ကျန်းမာရေးကောင်းမွန်လာသည့်သူများမှာ ကိုဗစ်-၁၉ ရောဂါပိုး တိုက်ဖျက်သည့် ပဋိပစ္စည်းများ ကိုယ်ခန္ဓာမှထုတ်လုပ်၍ သွေးရည်ကြည်ထဲတွင် ကျန်ရှိနေသောကြောင့် အဆိုပါသွေးရည်ကြည်ကို အသုံးပြု၍ ကိုဗစ်ရောဂါ ပြင်းထန်သူများအား ကုသပေးလျက်ရှိကြောင်း၊ ကိုဗစ်ရောဂါ ဖြစ်ပွားသူများအား စနစ်တကျ ဆေးပညာကျင့်ဝတ်များနှင့်အညီ သွေးရည်ကြည်ကုထုံးဖြင့် ကုသပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Ad-hoc ကော်မတီတစ်ရပ်အား ဧပြီ ၁၆ ရက်က ဖွဲ့စည်းပေးခဲ့ရာ ယခုအခါ အဆိုပါသွေးရည်ကြည်ကုထုံးဖြင့် ကိုဗစ်ရောဂါ ပြင်းထန်သည့်လူနာ ၈၀ ကျော်အား ဆေးကုသပေးနိုင်ခဲ့ပြီး ထိုအထဲမှ လူနာ ၆၀ ကျော်မှာ ရောဂါသက်သာပျောက်ကင်းသွားကြောင်း သိရသည်။

"လူနာက ရောဂါပြင်းထန်ပြီး နောက်ကျမှ ရောက်လာတာလည်းရှိတယ်၊ အဲဒီလို နောက်ကျမှရောက်လာတဲ့ ကိုဗစ်လူနာတွေကို ဆေးကုသမှု ဆောင်ရွက်တဲ့အခါမှာ အခက်အခဲရှိပါတယ်၊ တစ်ခါတလေ အချိန်မမီလိုက်တာတွေလည်း ရှိပါတယ်"ဟု သွေးရည်ကြည်ကုထုံး Ad-hoc ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြက ပြောသည်။

**သွေးရည်ကြည် ၆၀၀ စီစီအထိ လှူဒါန်းနိုင်**

သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ လာရောက်လှူဒါန်းသည့် သွေးရည်ကြည်အလှူရှင်များ၏ သွေးရည်ကြည်ကို ထုတ်ယူပြီး သွေးနီဥများကို ကိုယ်ခန္ဓာအတွင်း ပြန်လည်သွင်းပေးနိုင်ခြင်းကြောင့် သွေးရည်ကြည်အလှူရှင်များအတွက် သွေးအားကျနည်းခြင်းမရှိဘဲ တစ်ကြိမ်လျှင် သွေးရည်ကြည် ၆၀၀ စီစီခန့်အထိ လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

**ကိုဗစ်လူနာ ကိုးဦးထိ အသက်ကယ်နိုင်**

"ကိုဗစ်ရောဂါရှိတဲ့လူနာကို သွေးရည်ကြည် ၂၀၀ စီစီကနေ ၄၀၀ စီစီအထိ အသုံးပြုပြီး ကုသနိုင်ပါတယ်၊ သွေးရည်ကြည်လှူဒါန်းတဲ့ အလှူရှင်အနေနဲ့ နှစ်ပတ်ကို တစ်ကြိမ်နှုန်းနဲ့ သုံးကြိမ်အထိ သွေးရည်ကြည်လှူဒါန်းနိုင်တာမို့ သွေးရည်ကြည်လှူဒါန်းတဲ့ အလှူရှင်တစ်ဦးဟာဆိုရင် ကိုဗစ်လူနာ ကိုးဦးအထိ အသက်ကယ်ပေးနိုင်မှာလည်း ဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ယခုအခါသွေးရည်ကြည်ကုထုံးဖြင့်ကုသခြင်းများအပြင် နောက်ဆုံးပေါ် ဆေးတစ်ခုဖြစ်သည့် Remdesivir ဆေးဖြင့် ပေါင်းစပ်ကုသပေးနိုင်ပြီ ဖြစ်သောကြောင့် ရလဒ်ကောင်းများ ပိုမိုရရှိလာကြောင်း၊ သွေးရည်ကြည်လှူဒါန်းလိုသူများအတွက် ဆေးသုတေသနဦးစီးဌာန၌ သီးသန့်ခန်းဖွင့်လှစ်ထားရှိပြီး ဖုန်း ၀၉ - ၅၁၃၀၄၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**

**ဓာတ်ပုံ - သွေးရည်ကြည်ကုထုံး Ad-hoc ကော်မတီ**

> သွေးရည်ကြည်ထုတ်စက် အသုံးပြု၍ သွေးရည်ကြည်ထုတ်ယူနေသည်ကို ပြည်ပနိုင်ငံ၌ တွေ့ရစဉ်။

# ကျောင်းကုန်းမြို့နယ်၌ အထူးရဲများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**ကျောင်းကုန်း အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အထူးရဲများအား ကိုဗစ် -၁۹ ရောဂါပိုး ရှိ၊ မရှိ COVID-19 Antigen (RTD)Test Kit များဖြင့် စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မွန်းလွဲပိုင်းတွင် ဥယျာဉ်ကြီးဘုန်းကြီးကျောင်းနှင့် ညနေပိုင်းတွင် အထက ဒေါင့်ကြီးကျောင်းတို့၌ စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။

ကျောင်းကုန်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် အထူးရဲတပ်ဖွဲ့ဝင် ၁၂၅ ဦးရှိရာ အထက(၁)တွင် ၅၄ ဦး၊ ဥယျာဉ်ကြီးဘုန်းကြီးကျောင်းတွင် ၄၁ ဦးနှင့် အထက ဒေါင့်ကြီးတွင် ၃၀ တို့အား သုံးနေရာခွဲ၍ သင်တန်းပေးခြင်းကို ဆောင်ရွက်နေပြီး အဆိုပါအထူးရဲတပ်ဖွဲ့ဝင်များအား ကိုဗစ်-၁۹ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးရာ ၁၂၅ ဦးလုံး ပိုးမတွေ့ရှိကြောင်း မြို့နယ် ဆရာဝန်ကြီး ဒေါက်တာအေးနိုင်ထိမ့ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာခဲ့သည့် သမ္မတထရမ့်၊ မဲဆွယ်စည်းရုံးမှုများ စတင်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များကို ပြန်လည်စတင်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတထရမ့်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည့်အတွက် မဲဆွယ်စည်းရုံးမှုများကို အောက်တိုဘာ ၂ ရက်မှစပြီး ယာယီဆိုင်းငံ့ထားခဲ့ရသည်။

သမ္မတထရမ့် ရောဂါမှ ပြန်လည်သက်သာခဲ့ပြီးနောက် ပထမဆုံးအကြိမ် မဲဆွယ်စည်းရုံးမှုအဖြစ် ဖလော်ရီဒါပြည်နယ်၌ အောက်တိုဘာ ၁၂ ရက် ညပိုင်းတွင် မဲဆွယ်စည်းရုံးရေးဟောပြောမှုများကို စတင်ပြုလုပ်ခဲ့သည်။ ဖလော်ရီဒါပြည်နယ်သည် သမ္မတလောင်းများအတွက် ထောက်ခံမဲရရှိရန် ခက်ခဲသည့်ပြည်နယ်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ပြင် ပန်ဆာဗေးနီးယား၊ အိုင်အိုဝါနှင့် အခြားပြည်နယ်များတွင်လည်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များကို ပြန်လည်စတင်မည်ဖြစ်သည်။

သမ္မတထရမ့်က ၎င်း၏ထောက်ခံသူများနှင့်တွေ့ဆုံရာတွင် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ တစ်နာရီတိုင်တိုင် စည်းရုံးရေးမိန့်ခွန်းများပြောကြားခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကို ခံနိုင်ရည်ရှိသွားပါပြီ။ အခုချိန်မှာ အားအင်တွေ ပြည့်ဝနေတယ်လို့ ခံစားနေရတယ်။ အမေရိကကို ဒီထက်ပိုကောင်းတဲ့ နိုင်ငံဖြစ်အောင် ဖန်တီးနိုင်တော့မယ်ဟု သမ္မတထရမ့်က မဲဆွယ်စည်းရုံးစဉ် ပြောကြားခဲ့သည်။

အလားတူ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဂျိုးဘိုင်ဒင်ကလည်း လက်ရှိအစိုးရအဖွဲ့အား ပြောင်းလဲဖွဲ့စည်းမည်ဟု ဟစ်ကြွေးကာ အိုဟိုင်းယိုးပြည်နယ်၌ ယမန်နေ့က မဲဆွယ်စည်းရုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်နိုအိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# နီပေါ ပညာရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ခတ္တမန္ဒူ အောက်တိုဘာ ၁၃**

နီပေါ ပညာရေးဝန်ကြီး ဂီရီရတ်ဂျ်မန်နီပိုခါရယ်လ်၌ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသော ဒုတိယမြောက် အစိုးရအဖွဲ့ဝင်ဝန်ကြီး ဖြစ်လာခဲ့ကြောင်း မီဒီယာများက ဖော်ပြကြသည်။

အနည်းငယ်ဖျားနာမှုကြောင့် အောက်တိုဘာ ၁၀ ရက်တွင် ဆေးရုံတင်ခဲ့ရသည့် ဂီရီရတ်ဂျ်အား စစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့ရာ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ် ကေပီရှာမာအိုလီ ဦးဆောင်သော အစိုးရအဖွဲ့၌ ဗိုင်းရပ်စ်ကူးစက်ခံရသည့် ဝန်ကြီး ဂီရီရတ်ဂျ်မှာ ကျန်းမာရေးကောင်းမွန်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နီပေါနိုင်ငံ၌ လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၇၇၅ နှင့် သေဆုံးသူ ၆၃၆ ဦးရှိကြောင်း သိရသည်။ နီပေါခရီးသွားလုပ်ငန်းဝန်ကြီး ယိုဂတ်စ်ဘတ်တာရိုင်းက ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း အောက်တိုဘာ ၁၀ ရက်တွင် လူမှုကွန်ရက်၌ ကြေညာခဲ့ပြီး ၎င်းနှင့် ထိတွေ့ခဲ့သူအားလုံး သတိပြုကြရန် မေတ္တာရပ်ခံခဲ့သည်။

ဟိမဝန္တာတိုင်းမ်သတင်းစာ၏အဆိုအရ ဘတ်တာရိုင်းနှင့် ဂီရီရတ်ဂျ်တို့ နှစ်ဦးစလုံးက အောက်တိုဘာ ၈ ရက်တွင်ပြုလုပ်သော အစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ပီတီအိုင်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ရုရှားအတိုက်အခံခေါင်းဆောင် အဆိပ်သင့်မှုဖြစ်စဉ်တွင် ပါဝင်သူများအား ဥရောပသမဂ္ဂက စီးပွားရေးပိတ်ဆို့မှုများ ချမှတ်မည်

**လူဇင်ဘတ် အောက်တိုဘာ ၁၃**

ရုရှားအတိုက်အခံခေါင်းဆောင် အလီရှန် နာဗာလန် အဆိပ်သင့်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် ရုရှားတာဝန်ရှိသူများအား စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ယမန်နေ့တွင် သဘောတူညီခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများက လူဇင်ဘတ်မြို့၌ ကျင်းပခဲ့သည့် အစည်းအဝေးတွင် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ဂျိုးဆက်ဘော်ရီက ရုရှားအတိုက်အခံခေါင်းဆောင် အဆိပ်သင့်မှုဖြစ်စဉ်တွင် ပါဝင်သည့် ရုရှားတာဝန်ရှိသူများအား စီးပွားရေးပိတ်ဆို့အရေးယူမှုများ ချမှတ်သွားမည်ဖြစ်ကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါတာဝန်ရှိသူများအား ဥရောပနိုင်ငံများသို့ ခရီးသွားလာခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် ဘဏ်စာရင်းများကိုလည်း တရားဝင်ပိတ်သိမ်းသွားဖွယ်ရှိကြောင်း ဥရောပမီဒီယာက သတင်းရေးသားဖော်ပြခဲ့သည်။

ဂျာမနီနှင့်ပြင်သစ်နိုင်ငံတို့က ရုရှားအတိုက်အခံခေါင်းဆောင် အဆိပ်သင့်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးခဲ့ပြီးနောက် အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် ရုရှားတာဝန်ရှိသူများအား စီးပွားရေးပိတ်ဆို့မှုများချမှတ်ရန် ဥရောပသမဂ္ဂသို့ တိုက်တွန်းခဲ့သည်။

ဩဂုတ်လအတွင်း၌ နာဗာလန်သည် ရုရှားနိုင်ငံအတွင်းရှိ ပြည်တွင်းလေယာဉ်တစ်စင်းပေါ်တွင် သတိလစ်မေ့မြောသွားသည့်အတွက် ဆေးကုသမှုခံယူရန် ဂျာမနီနိုင်ငံ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

ဂျာမနီအစိုးရနှင့် ဓာတုလက်နက်တားဆီးကာကွယ်ရေးအဖွဲ့အစည်း (OPCW) တို့က နာဗာလန်၏ သွေးနမူနာများကို စစ်ဆေးခဲ့ရာ the Novichok group မှ ဆိုဗီယက်ကာလတွင်း အသုံးပြုခဲ့သည့် အာရုံကြောများကို ထိခိုက်စေနိုင်သည့် အဆိပ်တစ်မျိုးကို စစ်ဆေးတွေ့ရှိခဲ့သည်။

သို့သော် ရုရှားအစိုးရက နာဗာလန်အဆိပ်သင့်မှုအပေါ် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆန်လျက်ရှိသည်။

ရုရှားအောက်လွှတ်တော်နိုင်ငံတကာရေးရာ ကော်မတီဥက္ကဋ္ဌ လီယိုနစ် စလုစကီက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ရုရှားနိုင်ငံအပေါ် ဆန့်ကျင်သည့်သဘောထားများ ရှိနေသည်ကို ပြသလျက်ရှိသည်ဟု ယမန်နေ့က ဝေဖန်ပြောကြားခဲ့သည်။

**ကိုးကား - အင်နိုအိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

■

# တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု မတွေ့ရှိသည့် နှစ်လအကြာတွင် ပြည်တွင်းကူးစက်မှုများ ပြန်လည်ဖြစ်ပွား

**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ နှစ်လတိုင်တိုင် တွေ့ရှိခဲ့ခြင်းမရှိသည့်နောက် ပြည်တွင်းကူးစက်မှုများ ပထမဆုံးအကြိမ် ထပ်မံတွေ့ရှိခဲ့ကြောင်း တရုတ်ကျန်းမာရေးတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ရှန်ဒေါင်းခရိုင် ကွမ်ကျိုးမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦး စစ်ဆေးတွေ့ရှိခဲ့သည်ဟု ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူများအား ဩဂုတ် ၁၅ ရက်တွင် နောက်ဆုံးအကြိမ်တွေ့ရှိခဲ့ပြီး အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်ကြောင်း သိရသည်။

ယခုစစ်ဆေးတွေ့ရှိသူများသည် ဩဂုတ် ၁၅ ရက်တွင် တွေ့ရှိခဲ့သည့် ပြည်တော်ပြန်ရောဂါကူးစက်ခံရသူများနှင့် ပတ်သက်မှုမရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

ဒေသန္တရအာဏာပိုင်များက ဒေသခံပြည်သူ ကိုးသန်းခန့်ကို ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းအထိ ပြည်သူ သုံးသန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးစီးခဲ့သည်။

အဆိုပါ ရောဂါတွေ့ရှိသူ ခြောက်ဦးသည် ဆေးရုံတစ်ရုံတည်းသို့ သီးခြားစီသွားခဲ့ကြောင်း စစ်ဆေးချက်များအရ သိရသည်။ ထို့ကြောင့် ၎င်းတို့နေထိုင်ရာ ဝန်းကျင်နေရာများတွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ ထပ်မံတွေ့ရှိလာနိုင်သည်ဟု ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

**ကိုးကား - အင်နိုအိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗီယက်နမ်နှင့် အင်ဒိုနီးရှားသို့ သွားရောက်မည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါ အတည်ပြု

**တိုကျို အောက်တိုဘာ ၁၃**

ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံး ပြည်ပခရီးစဉ် သွားရောက်မည့်အကြောင်း စက်တင်ဘာ ၁၆ ရက်တွင် စတင်တာဝန်ယူခဲ့သည့် ဂျပန်ဝန်ကြီးချုပ် ယိုရှိဟိုင်းဒဲဆူဂါက အတည်ပြုလိုက်သည်။

ဝန်ကြီးချုပ် ဆူဂါအနေဖြင့် အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အတွင်း ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ အာဆီယံအဖွဲ့သည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသအတွက် အရေးပါကြောင်း ယနေ့ ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အမှုဆောင်အစည်းအဝေးခဲ့ ဆူဂါက ပြောကြားခဲ့သည်။ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှု မြှင့်တင်ရာတွင် ဂျပန်နိုင်ငံက ဦးဆောင်ကဏ္ဍမှပါဝင်သည်ကို ပြသရန် ရည်ရွယ်ကြောင်း ၎င်းက ဆိုသည်။

လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ ရည်မှန်းချက် ဖြစ်ပေါ်လာရေးအတွက် ခရီးစဉ်က အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှိမစ်ဆုမိုတီဂီက မီဒီယာများသို့ ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပွင့်လင်းစွာ ဆွေးနွေးနိုင်ကြောင်း ၎င်းက ပြောသည်။ ဗီယက်နမ်နိုင်ငံက ယခုနှစ် အာဆီယံအဖွဲ့ဥက္ကဋ္ဌဖြစ်သလို အင်ဒိုနီးရှားနိုင်ငံက အာဆီယံအဖွဲ့၌ အင်အားကြီးနိုင်ငံတစ်ခု ဖြစ်သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယအကြိမ် ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သည့် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးက ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။

**ကိုးကား-စီအင်နဲ့အေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖု

ဂျပန်ဝန်ကြီးချုပ် ယိုရှိဟိုင်းဒဲဆူဂါ

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို

# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မလေးရှားနိုင်ငံသို့ ဦးစားပေးထောက်ပံ့မည်

**ကွာလာလမ်ပူ အောက်တိုဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အောင်မြင်စွာ ထုတ်လုပ်နိုင်ပါက မလေးရှားနိုင်ငံကို ဦးစားပေးနိုင်ငံ စာရင်း ထည့်သွင်းရန် တရုတ်နိုင်ငံက သဘောတူညီလိုက်ပြီဖြစ်သည်။

မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဟက်ရှမ်မူဒင်ဟူစိန်က အရှေ့တောင်အာရှခရီးစဉ်အဖြစ် မလေးရှားနိုင်ငံသို့ ရောက်ရှိနေသည့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့်အတူ ယနေ့ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့ခြင်းဖြစ်သည်။ "ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အောင်မြင်စွာ ထုတ်လုပ်နိုင်ရင် မလေးရှားနိုင်ငံကို ဦးစားပေးထောက်ပံ့မည်ဆိုတဲ့ တရုတ်နိုင်ငံရဲ့ ကတိကဝတ်ကို ကျွန်တော်တို့ ကြိုဆိုပြီး အသိအမှတ်ပြုပါတယ်" ဟု ၎င်းက ပြောသည်။

ကာကွယ်ဆေး သုတေသနပြုမှု၊ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုပြုလုပ်ရာတွင် မလေးရှားမိတ်ဖက်များနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု တည်ထောင်ရန် တရုတ်လုပ်ငန်းများကို အားပေးမည့် တရုတ်နိုင်ငံ၏ သဘောတူညီချက်ကို ကြိုဆိုပါကြောင်း ၎င်းက ဆိုသည်။

မလေးရှားနိုင်ငံအနေဖြင့် ကာကွယ်ဆေး ထုတ်လုပ်မှုကို အနီးကပ်စောင့်ကြည့်နေပြီး ကာကွယ်ဆေး ရရှိရေးက အစိုးရအတွက် ထိပ်တန်း ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဟူစိန်က ပြောသည်။ အများပြည်သူ အသုံးပြုနိုင်ရန် နိုဝင်ဘာလထက် နောက်မကျဘဲ ဗိုင်းရပ်စ်ကာကွယ်ဆေး အဆင်သင့်ရနိုင်သည်ဟု တရုတ်နိုင်ငံက ပြောကြားခဲ့ကြောင်း ၎င်းက ဆိုသည်။

"တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီရဲ့ မလေးရှားနိုင်ငံခရီးစဉ်က ဗိုင်းရပ်ကာကွယ်ဆေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ညှိနှိုင်းဆောင်ရွက်မှုမှာ ကျွန်တော်တို့ နောက်မကျနေဘူးဆိုတာ ပြသရာရောက်ပါတယ်" ဟု ၎င်းက ပြောသည်။

**ကိုးကား-စီအင်နဲ့အေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ကုလသမဂ္ဂအဖွဲ့က လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေ ကန်ဒေါ်လာ ၂ ဒသမ ၉၉ ဘီလီယံလိုအပ်ကြောင်း ပြောကြား

**ကုလသမဂ္ဂ အောက်တိုဘာ ၁၃**

ကုလသမဂ္ဂအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉ ဘီလီယံ လိုအပ်ကြောင်း အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။ ယင်းရန်ပုံငွေပမာဏသည် ၂၀၂၀ ပြည့်နှစ်ကထက်စာလျှင် ၂ ဒသမ ၈ ရာခိုင်နှုန်း လျှော့နည်းကြောင်း သိရသည်။

"ယမန်နှစ်တုန်းကဆိုရင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအမံတွေအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းကို အဆိုပြုတောင်းဆိုခဲ့ရပါတယ်။ ဒီအစီအမံတွေဟာ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်တွေကို အကူအညီပေးရန် ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

"ကုလသမဂ္ဂအနေနဲ့ အဖွဲ့ရဲ့ စီမံခန့်ခွဲရေးကိစ္စရပ်တွေမှာလည်း ပြုပြင်ပြောင်းလဲရေးတွေကို ဆောင်ရွက်ခဲ့ရပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်မှာ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ရန် စီမံခဲ့ရကာ ကမ္ဘာ့ကျန်းမာရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ရပါတယ်"ဟု ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၈၁၁၆၄၄၁ | ဦး |
| သေဆုံးသူ | ၁၀၈၆၅၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၈၆၄၄၃၄ | ဦး |

# ရေကြီးမှုများကြောင့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယား၌ ၄၀ ခန့် သေဆုံး

**ဖနောင်ပင် အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းဒေသသို့ အောက်တိုဘာ ၁၃ ရက်တွင် အပူပိုင်းမုန်တိုင်း နမ်ကာ ကျရောက်ခြင်းကြောင့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် မိုးကြီးမှုများနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး ကယ်ဆယ်ရေးလုပ်သားများ အပါအဝင် ၄၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ အစောပိုင်းမှစတင်ပြီး ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ ခရိုင်များတွင် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်းနှင့် ထိုဖြစ်ရပ်များကြောင့် ကမ္ဘောဒီးယားနိုင်ငံ အနောက်ပိုင်းဒေသများရှိ လူထောင်ပေါင်းများစွာ အား နေရပ်စွန့်ခွာမှုများဖြစ်စေခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါရေကြီးမှုများသည် လာမည့်ရက်အနည်းငယ်အတွင်း ပိုပြီးဆိုးရွားလာမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ မိုးလေဝသဌာနမှ ပြောကြားချက်အရ မုန်တိုင်းနမ်ကာ၏ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ရှိပြီး ဗီယက်နမ်မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးရေချိန် မီလီမီတာ ၄၀၀ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ ရေကြီးမှုများကြောင့် ဗီယက်နမ်တွင် ၂၈ ဦးနှင့် ကမ္ဘောဒီးယားတွင် ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ Thua Thien Hue ခရိုင်ရှိ ရေအားလျှပ်စစ်စီမံကိန်းတွင် မြေပြိုမှုများဖြစ်ပွားရာ အလုပ်သမား ခုနစ်ဦး ပျောက်ဆုံးနေကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။ အဆိုပါအလုပ်သမား ခုနစ်ဦးအား ကယ်ဆယ်ရန်စေလွှတ်ခဲ့သော ကယ်ဆယ်ရေးလုပ်သား ၁၃ ဦးလည်း ပျောက်ဆုံးသွားခဲ့ကြောင်း နန်ဒနန်းသတင်းစာက ရေးသားသည်။ ဝန်ကြီးချုပ် ငုယင်စွမ်းဖုက အဆိုပါမြေပြိုမှုဖြစ်ပွားခဲ့သော ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

**ကိုးကား-စီအင်နဲ့အေ၊ ဘာသာပြန်-စိုးသူရ**

# ရုရှားခ္ဍ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၈၆၈ ဦး စံချိန်တင်တွေ့ရှိ

**မော်စကို အောက်တိုဘာ ၁၃**

ရုရှားနိုင်ငံခ္ဍ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၈၆၈ ဦး စံချိန်တင်တွေ့ရှိခဲ့ပြီး နောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၂၆၁၇၈ ဦးရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနက ယနေ့ ပြောကြားသည်။

မြို့တော်မော်စကိုခ္ဍ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၈၁ ဦး တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ မော်စကိုတစ်မြို့တည်းခ္ဍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၃၉၄၃၁ ဦး ရှိလာကြောင်း သိရသည်။

ထို့အပြင် ရုရှားခ္ဍ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄၄ ဦး ထပ်မံသေဆုံးခဲ့ရာ လက်ရှိအချိန်အထိ အဆိုပါရောဂါကြောင့် သေဆုံးသူ ပေါင်း ၂၂၉၆၆ ဦး ရှိလာကြောင်း သိရသည်။

သို့သော် ရုရှားခ္ဍ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၂၅၅၀ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၁၀၃၁၇၈၅ ဦး ရှိလာကြောင်း သိရသည်။ ရုရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန်အတွက် သက်ကြီးပိုင်းများ ခရီးသွားလာခြင်း ဆိုင်ရာ ကန့်သတ်ချက်အသစ်ကို ချမှတ်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆွေးနွေးပွဲ ကျင်းပ

**ပါရီ အောက်တိုဘာ ၁၃**

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ အရေအတွက် များပြားလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် နည်းလမ်းသစ်များရှာဖွေရန် သမ္မတ မက်ခရွန်နှင့် ဝန်ကြီးများသည် ယနေ့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မက်ခရွန်နှင့် ဝန်ကြီးများ၏ ယခုဆွေးနွေးပွဲသည် ဗြိတိန်နှင့် စပိန်တို့ကဲ့သို့ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ အရေအတွက် မြင့်တက်လာပြီးနောက် ဗိုင်းရပ်စ် ပြန့်ပွားမှုကို ထိန်းချုပ်ရန်နှင့် ပြင်သစ်၏ ကျန်းမာရေးစနစ်အပေါ် ဝန်ထုပ်ဝန်ပိုးများ လျော့ကျစေရန်အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။ မက်ခရွန်အနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဒုတိယလှိုင်း ထိန်းချုပ်ရေးကို နိုင်ငံသားများအား ရပ်မြင်သံကြားမှတစ်ဆင့် အောက်တိုဘာ ၁၄ ရက်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ပြင်သစ်အနေဖြင့် နိုင်ငံအတွင်း စီးပွားရေး ပြန်လည်ဦးမော့လာစေရန်နှင့် အလုပ်အကိုင်ကဏ္ဍကို ကာကွယ်ရန်အတွက် ယူရို ၂ ဒသမ ၃ ထရီလီယံကို သုံးစွဲခဲ့သည်။ ဝန်ကြီး မာလီနီစီချာပါက အစိုးရအနေဖြင့် ပါရီကဲ့သို့သော မြို့များတွင်ပင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ညမထွက်ရ အမိန့်များ မထုတ်ပြန်နိုင်သေးကြောင်း ပြောကြားသည်။

ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ အရေအတွက်များပြားလာသဖြင့် ပါရီ၊ မာဆေး၊ တူလူးစ် စသောမြို့ကြီးများတွင် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ သတိပေးချက်များကို အမြင့်ဆုံးအဆင့်သတ်မှတ်ခဲ့သည်။ ထိပ်တန်းသတင်းစာများဖြစ်သော လီမွန်ဒီနှင့် လီဗိဂါရိုတို့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု များပြားသော ဒေသများတွင် ညမထွက်ရအမိန့် ထုတ်ပြန်ရန်မှာ ရွေးချယ်စရာ နည်းလမ်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# ပိုလန်ဝန်ကြီးချုပ် မာတစ်ဝစ်ကီ ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးနှင့် ထိတွေ့ခဲ့ပြီးနောက် သီးခြားခွဲနေထိုင်လျက်ရှိ

**ဝါဆော အောက်တိုဘာ ၁၃**

ပိုလန်ဝန်ကြီးချုပ် မာတစ် မိုရာဝစ်ကီသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူတစ်ဦးနှင့် အနီးကပ်ထိတွေ့မှုရှိခဲ့သည့်အတွက် သီးခြားခွဲနေထိုင်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးနှင့် ထိတွေ့ခဲ့သည့်အတွက် မိမိအနေဖြင့် သီးခြားခွဲနေထိုင်လျက်ရှိကြောင်းနှင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို သေချာစွာ လိုက်နာနေထိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မာတစ် မိုရာဝစ်ကီက ၎င်း၏အင်တာနက်စာမျက်နှာတွင် ရေးသားထားသည်။

ဝန်ကြီးချုပ်နှင့် ထိတွေ့ခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူသည် အစိုးရလုံခြုံရေးအဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း မီဒီယာများက သတင်းဖော်ပြကြသည်။

ယနေ့မွန်းလွဲပိုင်းအထိ ဝန်ကြီးချုပ် မိုရာဝစ်ကီတွင် ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ ဆေးစစ်ချက်အဖြေမထွက်ရှိသေးကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ မူလာက မီဒီယာသို့ ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ပိုလန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀၆၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန် တရားရုံးချုပ် တရားသူကြီးအဖြစ် အဆိုပြုရွေးချယ်ခြင်းခံထားရသော အေမီ ကော်နီဘားရက်အား အရည်အချင်းဆိုင်ရာ အကဲဖြတ်စစ်ဆေးခြင်းများ စတင်ကြားနာ

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်အထက်လွှတ်တော် တရားရေးကော်မတီက တရားရုံးချုပ် တရားသူကြီးအဖြစ် အဆိုပြုရွေးချယ်ခြင်းခံထားရသော အေမီ ကော်နီဘားရက်အား ၎င်း၏ အရည်အချင်းဆိုင်ရာ အကဲဖြတ်စစ်ဆေးခြင်းကို ယမန်နေ့က စတင်ကြားနာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောလက သေဆုံးခဲ့သည့် တရားရုံးချုပ် တရားသူကြီးဟောင်း ရုဘာဒါ ဂျင်းစ်ဘာ့ဒ်၏ ရာထူးနေရာတွင် အေမီ ကော်နီဘားရက်ကို အစားထိုးခန့်အပ်ရန် သမ္မတ ဒေါ်နယ် ထရမ့်က အဆိုပြုခဲ့သည်။

သမ္မတ ထရမ့်၏ အဆိုပြုချက်ကို ဒီမိုကရက်လွှတ်တော်အမတ် အချို့က ပြင်းထန်စွာ ကန့်ကွက်ခဲ့သော်လည်း အထက်လွှတ်တော်အနေဖြင့် အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ဟု အထက်လွှတ်တော် တရားရေးကော်မတီ ဥက္ကဋ္ဌ လင်းဆေးဂရေဟာန်က ဆိုသည်။

မိမိအား တရားသူကြီးအဖြစ် အဆိုပြုရွေးချယ်ထားသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် အဆိုပါ ရာထူးနေရာတွင် တာဝန်ယူထမ်းရွက်ရမည်ဆိုပါက သစ္စာရှိစွာနှင့် ဘက်လိုက်ခြင်းမရှိဘဲ တာဝန်ကျေပွန်စွာ ထမ်းရွက်မည်ဖြစ်ပါကြောင်း အေမီ ကော်နီဘားရက်က ပြောကြားခဲ့သည်။

သမ္မတ ထရမ့်နှင့် အခြားရီပတ်ပလီကန်အမတ်များက ၎င်းတို့၏ မူဝါဒများ ဆက်လက်အကောင်အထည်ဖော်နိုင်စေရန် တရားရုံးချုပ် တရားသူကြီးနေရာတွင် အေမီ ကော်နီဘားရက်အား အနိုင်ရရှိစေချင်ကြသည်။

သို့သော် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်က တရားရုံးချုပ်တွင် ရီပတ်ပလီကန်အများစု နေရာရရှိမည်ဆိုပါက နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာအာမခံစနစ် အပါအဝင် နိုင်ငံသားများ၏ အခြားသော အခွင့်အရေးများ ဆုံးရှုံးမည်ကို စိုးရိမ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ပိုလီနီးရှားနိုင်ငံ သမ္မတ အက်ဒဝပ်ဖရက်ချ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဝယ်လင်တန် အောက်တိုဘာ ၁၃**

ပြင်သစ်နိုင်ငံသို့ သွားရောက်ပြီးနောက် မိမိတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ပိုလီနီးရှားနိုင်ငံ သမ္မတ အက်ဒဝပ်ဖရက်ချ်က ယနေ့ ပြောကြားလိုက်သည်။

ခရီးသွားရာတွင် အန္တရာယ်များကြောင်း သိရှိသော်လည်း ပြင်သစ်လက်အောက်ခံနိုင်ငံဖြစ်သော ပိုလီနီးရှားနိုင်ငံအတွက် အရေးပါသော ကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရန် ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တစ်ရပ်က ပြောသည်။ သမ္မတ အက်ဒဝပ်က ခရီးသွားကျင့်ဝတ်များကို လိုက်နာခဲ့ပြီး ပြင်သစ်နိုင်ငံမှ ပြန်မလာမီ သုံးရက်အလိုက စစ်ဆေးမှုပြုလုပ်ရာတွင် ဗိုင်းရပ်စ်ပိုး မတွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။

သမ္မတ အက်ဒဝပ်က ပြင်သစ်နိုင်ငံ၌ရှိနေစဉ် ပြင်သစ်ဝန်ကြီးချုပ် ဂျင်းကက်စတတ်၏ သမ္မတ အီမန်နျူ ရယ်မက်ခရွန်တို့နှင့် တွေ့ဆုံခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ ပိုလီနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု မြင့်တက်လာခဲ့ပြီး ကူးစက်ခံရသူ စုစုပေါင်း ၂၈၀၀ နီးပါး ရှိလာခဲ့ကာ ပိုးရှိဆဲလူနာ ၆၃၃ ဦးအထိ ရှိနေသည်။

ပိုလီနီးရှားနိုင်ငံက ဇူလိုင်လအတွင်း နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ခဲ့ကာ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးပြန်လည်ကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် မဖြစ်မနေ သီးခြားခွဲနေရမည့် လိုအပ်ချက်များ ရုပ်သိမ်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# တရုတ်နိုင်ငံ၌ ဒစ်ဂျစ်တယ်ငွေကြေးစနစ် ပထမဆုံးအကြိမ် စမ်းသပ်သုံးစွဲ

**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံ ကွမ်ဒေါင်းပြည်နယ်၌ ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြင့် ပြည်သူများအကြား ပထမဆုံးအကြိမ် စမ်းသပ်သုံးစွဲမှု လုပ်ဆောင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်ပြည်သူ့ဘဏ်နှင့် ရှန်ကျန်းမြို့ အာဏာပိုင်များက အဆိုပါ ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြင့် ပြည်သူများအကြား စမ်းသပ်သုံးစွဲမှုကို ယမန်နေ့

တွင် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့၏ ကနဦးစမ်းသပ်မှုတွင် ကံစမ်းမဲစနစ်ဖြင့် ရွေးချယ်ထားသော ပြည်သူငါးသောင်းခန့်အား ယွမ် ၂၀၀ (ကန်ဒေါ်လာ ၃၀ နီးပါး) တန်ဖိုးရှိသော ဒစ်ဂျစ်တယ်ငွေကြေးကို စမ်းသပ်သုံးစွဲနိုင်ရန် ပေးအပ်ခဲ့သည်။ ရွေးချယ်ခြင်းခံရသော ပြည်သူများက ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဆိုင်ရာ အက်ပလီကေးရှင်းကို ၎င်းတို့၏ စမတ်ဖုန်းများတွင် ဒေါင်းလုဒ်ဆွဲကာ ဒစ်ဂျစ်တယ်ငွေကို လက်ခံရယူရမည်ဖြစ်သည်။

အဆိုပါဒစ်ဂျစ်တယ်ငွေကို မြို့အတွင်းရှိ သတ်မှတ်ထားသော နေရာများ၌ အောက်တိုဘာ ၁၈ ရက်ထိတိုင် စိတ်ကြိုက်သုံးစွဲနိုင်မည်ဖြစ်သည်။ "ဒစ်ဂျစ်တယ်ငွေကြေးစနစ်သုံးစွဲရတာ အလွန်အဆင်ပြေပါတယ်။ ပြီးတော့ လုံခြုံသောကင်းမှုလည်း ရှိတယ်" ဟု ယင်းအစီအစဉ်တွင် ပါဝင်သည့် အသက် ၂၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။ ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြင့် စမ်းသပ်သုံးစွဲခြင်းကို တရုတ်နိုင်ငံအတွင်း၌ ပထမဆုံးအကြိမ် စတင်စမ်းသပ်ခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူ ဂျပန်ဗဟိုဘဏ်နှင့် ဥရောပဗဟိုဘဏ်များအပါအဝင် အခြားသော ဗဟိုဘဏ်များကလည်း ဒစ်ဂျစ်တယ်ငွေကြေးစနစ်ဖြင့် သုံးစွဲနိုင်ရန် သုတေသနများ ပြုလုပ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆၆၄၂၅ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

ကျဟဲနှင့် ကျစောနဲတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၆၆၄၂၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကျိုင်းတုံမြို့နယ် တောင်ကြီး-ကျိုင်းတုံသွားလမ်း၊ ကျိုင်းဖောင်းကျေးရွာ အနီးရှိ ကိုဗစ်-၁၉ စစ်ဆေးရေးစခန်းတွင် ယမန်နေ့ နံနက် ၉ နာရီက မိုင်းပျဉ်းမှ ကျိုင်းတုံသို့ ဖြတ်သန်းမောင်းနှင်လာသည့် Vigo အမျိုးအစား မော်တော်ယာဉ်ကို တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့က တားဆီးရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထို့ကြောင့် ပိတ်ဆို့ဖမ်းဆီးခဲ့ရာ နံနက် ၉ နာရီခွဲတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁) နောင်ရေးလမ်း ယာဉ်ထိန်းရုံးရှေ့၌ အဆိုပါကားကို ကျဟဲ၊ ကျစောနဲတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်အားရှာဖွေရာ ငွေကျပ် ၁ ဒသမ ၆၆၄၂၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၁၀ ဒသမ ၉၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ကျဟဲနှင့် ကျစောနဲတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းနှင့် ကွင်းဆက်တရားခံများ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ကြီးတံခွန်မြို့နယ်၌ ဆွဲကြိုးလုယက်မှု ကျူးလွန်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှု နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် အောက်တိုဘာ ၁၀ ရက်က မသက်သူ လူငယ်နှစ်ဦးတွေ့ရှိ၍ ခေါ်ယူစစ်ဆေးရာ ဆွဲကြိုးလုယက်မှုအား စုံစမ်းဖော်ထုတ်သိရသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စိုင်းလှထူး၏ လမ်းညွှန်ချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နေမျိုးအောင်က ကွပ်ကဲလျက် တိုင်းမှူခင်း အကူဌာနစိတ်၊ ခရိုင်မှူခင်းနှိမ်နင်းရေးဌာနစိတ်၊ စက်မှုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အဆိုပါ ပြစ်မှုကျူးလွန်သူ ကိုကိုမောင် (၁)တရုတ်လေးနှင့် သိန်းဝင်းအောင်တို့အား မှူခင်းကွင်းဆက် စုံစမ်းဖော်ထုတ်ခဲ့ရာ မန္တလေးမြို့ပေါ်ရဲဝန်ကြီးများမှ ဆွဲကြိုးလုယက်မှု ၁၃ မှု ဖော်ထုတ်နိုင်ခဲ့ပြီး တန်ဖိုးငွေကျပ် သိန်း ၁၅၀ ခန့် ဖော်ထုတ်နိုင်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်သူ့ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေတာရှည်မြို့နယ် ကျွန်းတောစုကျေးရွာတွင်း လမ်းတွင် ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၁၂၈ တန်နှင့် လေယာဉ်ကွင်းအနီးမှ တရားမဝင် ကျွန်း/ဒီဒူသစ်/ခွဲသား ၆ ဒသမ ၅၅၂၀ တန် စုစုပေါင်း ၈ ဒသမ ၂၆၄၈ တန် အားလည်းကောင်း၊ ကနီမြို့နယ် ဝင်မနား တောင်ပြင်ငယ်ရွာသွားကားလမ်းဘေး ယာဉ်တစ်စီးပေါ်မှ တရားမဝင် အင်ခွဲသား ၅ ဒသမ ၈၁၀၀ တန်၊ မင်းကင်းမြို့နယ် ယားကျေးရွာအနီး ချင်းတွင်းမြစ်အတွင်းနေရာတို့မှ တရားမဝင် အောက်ချင်းစာသစ်/လုံးပတ် ၃ ပေအောက် အင်သစ် ၁၁ ဒသမ ၁၂၀၀ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာ ဦးရန်နောင်ထွန်း(ခ) ဦးရန်နိုင်၏၊ ခြံဝင်းအတွင်းမှ တရားမဝင် ပျဉ်းကတိုး/ စကားဝါသစ်/ခွဲသား ၁၀ ဒသမ ၀၄၂၆ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ တိုက်ကြီးမြို့နယ် ဥက္ကံမြောက်(၁)နယ်မြေ၊ ရန်ကုန်-ပြည်ကားလမ်းမကြီး၊ မိုင်တိုင်အမှတ် (၆၈/၀)မှ (၆၈/၁)ကြား ယာဉ်ပေါ်မှ တရားမဝင် ကျွန်းတံခါးချပ်(ဆိုဒ်စုံ)/ ကျွန်းတံခါးအပိုင်းအစ (ဆိုဒ်စုံ)(၅၆) ချပ်/ချောင်း၊ သုည ဒသမ ၇၂၇၂ တန်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ရပ်စောက်မြို့နယ်၊ တပ်ကြီးကျေးရွာအတွင်း ၁၀ ဘီးယာဉ်ပေါ်မှ တရားမဝင် အင်ခွဲသားဆိုဒ်စုံ ၈ ဒသမ ၇၆၇၀ တန်၊ FAW ယာဉ်ပေါ်မှ လုံးပတ် ၃ ပေအောက် ၂ ဒသမ ၂၃၈၀ တန်၊ ထော်လာဂျီပေါ်မှ မီးသွေး ၇ ဒသမ ၀၄၀၀ တန်နှင့် ပြစ်မှုကျူးလွန်သူ သုံးဦး၊ ထို့အတူ ရပ်စောက်မြို့နယ်၊ အင်တောမြို့၊ ရပ်ကွက်(၆)ရှိ ဦးဖိုးပြို(ခ)နေကျော်ခ၏၊ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ကျွန်းစကွဲယား သုည ဒသမ ၉၃၇၆ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စု တောင်ကုန်းကျေးရွာ အနီးတွင် မိုးဝင်းအား မသက်ဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကို လည်းကောင်း၊

အလားတူ ယင်းနေ့နံနက် ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် လုံးပျဉ်ကျေးရွာအုပ်စု နန်းနိမ့်ကျေးရွာနေ မောင်ကိုလတ်(ခ)စောတာတေ(ခ) စောထူး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၂၉ ကီလိုကိုလည်းကောင်း၊

ထို့အတူ ယင်းနေ့ ညနေ ၃ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မူဆယ်-လားရှီးသွားကားလမ်း မိုင်းယုကျေးရွာတိုးဂိတ်အနီးတွင် ကျော်ညွှန့်(ခ)ကျိုင်းညွှန့် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၂ ကီလိုကို လည်းကောင်း။

ထို့နေ့ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်-မိုးကုတ်သွားကားလမ်း၊ မိုင်တိုင် အမှတ် (၂၅/၅)တွင် နိုင်လင်းထွန်း(ခ) သားသား မောင်းနှင်လာသောဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၁၅ ကို လည်းကောင်း၊

အလားတူ ထို့နေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ပါကွေ့ကျေးရွာအနီးတွင် မအားချူးယာ (ခ) အဘူး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# သရက်ချောင်းမြို့နယ် ဥတ္တူကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်

**သရက်ချောင်း အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ဥတ္တူကျေးရွာတွင် ယမန်နေ့ ည ၈ နာရီခွဲက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သရက်ချောင်းမြို့နယ် ဥတ္တူကျေးရွာ၌ နေထိုင်သော ဒေါ်ထွန်းရီ ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သူ၏ နေအိမ်တွင် လျှပ်စစ်မီတာ မိန်းခုံမှစ၍ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကာ နေအိမ်တစ်လုံး ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ဒေါ်ထွန်းရီအား သရက်ချောင်းမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သရက်ချောင်း(ပြန်/ဆက်)**

# မောတောင်မြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၃၅)မူးယစ်ရဲတပ်ဖွဲ့စုမှ ဒုရဲအုပ် မင်းအားမာန်စိုး ဦးစီးအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ယမန်နေ့ ညနေ ၅ နာရီက မောတောင်မြို့ အမှတ်(၆)ကျေးရွာ ကြိမ်လမ်းခွဲလမ်းနေ လင်းနိုင်(ခ)ခေါင်းခက် နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွမူးယစ်ဆေးပြား ၅၁ ပြား၊ အိုက်စ် သုည ဒသမ ၇ ဂရမ်၊ ဘိန်းစာမှုန့် ဂရမ် ၉၀၀၊ အရိုးအရွက်အစေ့ပါဆေးခြောက် ဂရမ် ၃၈၀ နှင့် အရည်လေးပေရှိ တူမီးယမ်းထောင်းသေနတ် တစ်လက်တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းအား မောတောင် နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ လည်းကောင်း၊ လက်နက်ဥပဒေအရ လည်းကောင်း အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
၂၅
ရက်သာ
လိုတော့သည်။

## ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် အသိပေးကြေညာချက်

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရချိန်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့သောအချိန်အခါတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက် နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာမဲဆန္ဒနယ်သို့ ပြန်လည်၍ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ရှိနေသည်ကို တွေ့ရှိရပါသည်။ ထိုသူများ ဆန္ဒမဲပေးမှု မဆုံးရှုံးစေရန် အထူးလိုအပ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမဲဆန္ဒရှင်များသည် မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ မိမိတို့ရောက်ရှိနေသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲဖြင့် ဆန္ဒမဲပေးနိုင်ရန် ပုံစံ ၁၅ များရယူ၍ လျှောက်ထားနိုင်ကြပါသည်။ ယင်းသို့လျှောက်ထားချက်ရရှိသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါမဲဆန္ဒရှင်၏မဲစာရင်းပါရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် အမြန်ဆုံးဆက်သွယ်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

## ဗန်ကောက်မြို့၊ လန်ဒန်မြို့၊ စင်ကာပူမြို့နှင့် တိုကျိုမြို့တို့ရှိ မြန်မာသံရုံး လေးရုံး၊ ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မဲလ်ဘုန်းမြို့ရှိ ပြင်ပမဲရုံ တစ်ခုတို့တွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြရာ ဗန်ကောက်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၅၈၀ ခန့်၊ စင်ကာပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၀၉၇ ဦး၊ တိုကျိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၆၂ ဦး၊ ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ မဲဆန္ဒရှင် ၂၃၁ ဦးနှင့် သြစတြေးလျှနိုင်ငံ ကင်ဘာရာမြို့သို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသည့် မြန်မာနိုင်ငံသားများအတွက် ပြင်ပမဲရုံခွဲဖွင့်လှစ်ခဲ့သည့် Victoria ပြည်နယ် မဲလ်ဘုန်းမြို့ရှိ မဲရုံတွင် မဲဆန္ဒရှင် ၁၁၈ ဦးတို့ ကြိုတင်ဆန္ဒမဲ ဆက်လက်ပေးခဲ့ကြကြောင်းနှင့် လန်ဒန်မြို့ မြန်မာသံရုံးတွင်လည်း ဒေသဆိုင်ရာ စံတော်ချိန်နှင့်အညီ ကြိုတင်မဲများ ဆက်လက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အောက်တိုဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် မြန်မာသံရုံးများမှ သတင်းပေးပို့ချက်အရ ဘာလင်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၉ ဦး၊ လန်ဒန်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၂၈ ဦး၊ နယူးယောက်မြို့ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး၌ မဲဆန္ဒရှင် ၁၂၇ ဦး၊ ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ မဲဆန္ဒရှင် ၂၈ ဦး၊ လေဘ့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ မဲဆန္ဒရှင် ၄၃ ဦးတို့ ဆန္ဒမဲများ ပေးခဲ့ကြသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများအား သက်ဆိုင်ရာ နိုင်ငံများမှ ချမှတ်ထားသော ကိုဗစ်ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ ဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကိုစနစ်တကျစီစဉ်၍ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံး လေးရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး တစ်ရုံးနှင့် ပြင်ပမဲရုံ တစ်ခုတို့တွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသူ မဲဆန္ဒရှင် စုစုပေါင်း ၄၀၈၈ ဦးနှင့် အောက်တိုဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဒေသဆိုင်ရာစံတော်ချိန်များနှင့်အညီ ကြိုတင်ဆန္ဒမဲလာရောက်ပေးခဲ့ကြသူ မဲဆန္ဒရှင် စုစုပေါင်း ၃၂၇ ဦး ရှိခဲ့သဖြင့် မဲဆန္ဒရှင် စုစုပေါင်း ၄၄၁၅ ဦး ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အောက်တိုဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁၂၃ ဦး တွေ့ရှိ

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃ - ၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၂-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၀-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၃,၂၅၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၂၃) ဦး တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၃-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၀၇၈) ခု | (၈၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၆၀၅) ခု | (၁၄၃) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၆၅) ခု | (၂၄၃) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၉၉) ခု | (၁၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဗဟိုဌာန (မန္တလေး) | (၅၇၃) ခု | (၆၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၈၈) ခု | (၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၈၂) ခု | (၀) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၀) ခု | (၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၄,၂) ခု | (၃,၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၄၉၀) ခု | (၂,၅၁) ဦး |
| **စုစုပေါင်း** | **(၁၃,၂၅၈)** | **(၁,၁၂၃) ဦး** |

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွားမှု၊ သေဆုံးမှုအခြေအနေ (၁၃-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၃,၂၅၈) ဦး | (၄၄၁,၉၂၆) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၂၃) ဦး | (၃၀,၄၃၇) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၁,၅၀၉) ဦး | (၁၁,၇၆၉) ဦး |
| သေဆုံးလူနာ | (၂၉) ဦး | (၆၉၃) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနုံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ(၂၉)ဦးအနက် ရောဂါအခံရှိသူ(၂၆)ဦးပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ အနက် Negative အဖြေထွက်ရှိခဲ့သူ (၁,၀၃၇) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၃၈၅၄၃ | ၅၁၈၆၄၀၇ | ၂၂၀၀၂၇ |
| ၂။ | အိန္ဒိယ | ၇၁၇၇၈၃ | ၆၂၇၂၉၅ | ၁၀၉၉၁၇ |
| ၃။ | ဘရာဇီး | ၅၁၀၃၄၀၈ | ၄၄၉၅၂၆၉ | ၁၅၀၇၀၉ |
| ၄။ | ရုရှား | ၁၃၂၆၁၇ | ၁၀၃၁၇၈၅ | ၂၂၉၆၆ |
| ၅။ | ကိုလံဘီယာ | ၉၁၉၀၈၃ | ၇၉၈၃၉၆ | ၂၇၉၈၅ |
| ၆။ | စပိန် | ၉၁၈၂၂ | ၈၈၈ | ၃၃၁၄ |
| ၇။ | အာဂျင်တီးနား | ၉၀၃၇၃၀ | ၇၃၂၅၈၂ | ၂၄၁၈ |
| ၈။ | ပီရူး | ၈၅၁၁၇ | ၇၄၈၀၉၇ | ၃၃၅၅ |
| ၉။ | မက္ကဆီကို | ၈၂၁၀၄၅ | ၅၉၇၉၉၁ | ၈၃၉၄ |
| ၁၀။ | ပြင်သစ် | ၇၄၃၄၇၉ | ၁၀၀၈၂၈ | ၃၂၇၇၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၄၄၇၁၃ | ၂၉၃၃၈ | ၆၃၇၂ |
| ၂။ | အင်ဒိုနီးရှား | ၃၄၀၆၂၂ | ၂၆၃၂၉၆ | ၁၂၀၂၇ |
| ၃။ | စင်ကာပူ | ၅၇၈၈၄ | ၅၇၇၂၈ | ၂၈ |
| ၄။ | မြန်မာ | ၃၀၄၃၇ | ၁၁၇၆၉ | ၆၉၃ |
| ၅။ | မလေးရှား | ၁၆၈၈၀ | ၁၁၃၇၂ | ၁၆၃ |
| ၆။ | ထိုင်း | ၃၆၄၃ | ၃၄၅၇ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၁၁၃ | ၁၀၂၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၈၃ | ၂၇၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၃ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**၁၀၇ ဦးလိုက်ပါ**

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကနေဒါမှ လေးဦး၊ ဂျာမနီမှ တစ်ဦး၊ ဟောင်ကောင်မှ လေးဦး၊ အင်ဒိုနီးရှားမှ ခြောက်ဦး၊ အီတလီမှ သုံးဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၇၄ ဦး၊ နော်ဝေမှ တစ်ဦး၊ ရုရှားဖက်ဒရေးရှင်းမှ ခုနစ်ဦး၊ သီရိလင်္ကာမှ လေးဦး၊ အမေရိကန်ပြည်ထောင်စုမှသုံးဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၇ ဦး လိုက်ပါလာခဲ့သည်။

ၜင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၇ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ၇ ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက်

တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၂၆ ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် အောက်တိုဘာ ၁၃**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ဍဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

# အသက် ၆၀ ကျော်အရွယ်တွေ ကြိုတင်မဲပေးနိုင်ဖို့ အစီအစဉ်တွေ စပြီးတော့လုပ်ပါမယ်

ရွေးကောက်ပွဲကော်မရှင်ကတင်ပြထားတဲ့ အစီအစဉ်တစ်ခုဟာ ပြည်သူတွေအတွက်လည်း စိတ်လည်းလုံခြုံမှုရမယ်၊ ကျေနပ်မှုလည်းရမယ်လို့လည်း ကျွန်မတို့ထင်ပါတယ်။ အဲဒါကဘာလဲဆိုတော့ ပထမအစမှာတော့ Stay at Home မြို့နယ်တွေကို ကိုဗစ်ရောဂါ ကူးစက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေများတယ်ဆိုပြီး သတ်မှတ်ထားတဲ့ Stay at Home မြို့နယ်တွေမှာ အသက် ၆၀ ကျော်တွေ ကြိုတင်မဲပေးနိုင်မယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်မတို့မှာ ကောင်းကျိုးနှစ်ခုရှိပါတယ်။ တစ်ခုကတော့ အသက် ၆၀ ကျော်တွေဆိုတာဟာ အသက်ကြီးတာနဲ့အမျှ၊ အသက် ၆၀ ကျော်လာတာနဲ့အမျှ ကိုဗစ်ရောဂါ ရလို့ရှိရင် နည်းနည်းပိုပြီးတော့ စိုးရိမ်ရတဲ့အခြေအနေမှာရှိပါတယ်။ စိုးရိမ်ရတဲ့ အသက်အရွယ်တွေ လုံခြုံအောင်လို့ဆိုပြီးတော့ ကြိုတင်မဲပေးနိုင်ဖို့ ကျွန်မတို့ အစီအစဉ်တွေ စပြီးတော့လုပ်ပါမယ်။ အသက် ၆၀ ကျော်တွေက ကြိုတင်မဲပေးမယ်ဆိုရင် ရွေးကောက်ပွဲနေ့မှာ မဲရုံတွေမှာသွားပြီးတော့ မဲပေးမယ့်လူတွေရဲ့ အရေအတွက်ပါ ကျသွားမယ်။ အရေအတွက် ကျဆင်းသွားတဲ့အခါကျတော့ လိုအပ်တဲ့ကွာခြားမှုဖြစ်တဲ့ ၆ ပေ ကွာခြားပြီးလုပ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုနည်းအောင် စည်းကမ်းတွေကို အကောင်အထည်ဖော်တာ လုပ်နိုင်တဲ့အခါကြတော့ ပိုပြီးတော့ အားလုံးလုံခြုံမှုဖြစ်ပါတယ်။ ပြည်သူတွေ လုံခြုံမှုအတွက် လိုအပ်တဲ့ Mask တို့ Faceshield တို့ကိုလည်း နိုင်ငံတော်က တာဝန်ယူပြီးတော့ လုပ်ပေးပါမယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၃-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၂-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၃၄၄) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ကြည့်မြင်တိုင် | ၁၇၀ |
| | | အင်းစိန် | ၁၁၁ |
| | | မင်္ဂလာဒုံ | ၇၉ |
| | | မရမ်းကုန်း | ၆၅ |
| | | ကျောက်တန်း | ၄၀ |
| | | မြောက်ဥက္ကလာပ | ၃၉ |
| | | သန်လျင် | ၃၅ |
| | | ရန်ကင်း | ၃၂ |
| | | ဒဂုံ(မြို့သစ် (တောင်ပိုင်း)) | ၃၂ |
| | | ဒဂုံ | ၃၁ |
| | | သာကေတ | ၃၀ |
| | | တွံတေး | ၂၉ |
| | | မှော်ဘီ | ၂၈ |
| | | ဒဂုံ(မြို့သစ် (မြောက်ပိုင်း)) | ၂၄ |
| | | လှိုင် | ၂၄ |
| | | လှိုင်သာယာ | ၂၃ |
| | | သင်္ဃန်းကျွန်း | ၂၁ |
| | | ရွှေပြည်သာ | ၂၁ |
| | | မင်္ဂလာတောင်ညွှန့် | ၁၈ |
| | | စမ်းချောင်း | ၁၇ |
| | | ဝိုလ်တဝေါ | ၁၆ |
| | | တာမွေ | ၁၅ |
| | | လမ်းမတော် | ၁၅ |
| | | အလုံ | ၁၃ |
| | | ပန်းဘဲတန်း | ၁၃ |
| | | ထန်းတပင် | ၁၂ |
| | | ခရမ်း | ၁၀ |
| | | တောင်ဥက္ကလာပ | ၇ |
| | | ဒဂုံ(မြို့သစ် (အရှေ့ပိုင်း)) | ၇ |
| | | ဗဟန်း | ၆ |
| | | ကမာရွတ် | ၆ |
| | | ကျောက်တံတား | ၆ |
| | | လသာ | ၆ |
| | | ကွမ်းပြိုကုန်း | ၃ |
| | | ဒေါပုံ | ၃ |
| | | ဒဂုံဆိပ်ကမ်း | ၂ |
| | | ဒဂလ | ၂ |
| | | ပုဇွန်တောင် | ၁ |
| | | ကော့မှူး | ၁ |
| | | လှည်းကူး | ၁ |
| | | စုစုပေါင်း | ၁၀၁၄ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | မင်းလှ | ၈ |
| | | ပြည် | ၇ |
| | | ကဝ | ၄ |
| | | လက်ပ်တန်း | ၂ |
| | | ပဲခူး | ၂ |
| | | ညောင်လေးပင် | ၃ |
| | | ရေတာရှည် | ၂ |
| | | ဝေါ | ၁ |
| | | စုစုပေါင်း | ၂၉ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၁၂ |
| | | အမရပူရ | ၁၀ |
| | | အောင်မြေသာစံ | ၇ |
| | | မိတ္ထီလာ | ၃ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | ကျောက်ပန်းတောင်း | ၃ |
| | | ပျော်ဘွယ် | ၂ |
| | | ဝမ်းတွင်း | ၁ |
| | | တောင်သာ | ၁ |
| | | မလှိုင် | ၁ |
| | | မဟာအောင်မြေ | ၁ |
| | | စုစုပေါင်း | ၄၄ |
| ၄။ | မွန်ပြည်နယ် | ကျိုက်ထို | ၄ |
| | | မော်လမြိုင် | ၁ |
| | | စုစုပေါင်း | ၅ |
| ၅။ | မကွေးတိုင်းဒေသကြီး | မြို့သစ် | ၁၉ |
| | | သရက် | ၈ |
| | | ဆင်ပေါင်ဝဲ | ၅ |
| | | စလင်း | ၂ |
| | | မင်းလှ | ၂ |
| | | ချောက် | ၂ |
| | | အောင်လံ | ၁ |
| | | ရေနံချောင်း | ၁ |
| | | မင်းဘူး | ၁ |
| | | စုစုပေါင်း | ၄၁ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ | ၁၀ |
| | | အိမ်မဲ | ၇ |
| | | မော်လမြိုင်ကျွန်း | ၇ |
| | | မအူပင် | ၅ |
| | | ညောင်တုန်း | ၄ |
| | | ဟသံတ | ၃ |
| | | မြောင်းမြ | ၂ |
| | | ကျောင်းကုန်း | ၁ |
| | | ဝါးခယ်မ | ၁ |
| | | စုစုပေါင်း | ၄၀ |
| ၇။ | ရခိုင်ပြည်နယ် | ကျောက်တော် | ၃၅ |
| | | စစ်တွေ | ၂၉ |
| | | မောင်တော | ၂၂ |
| | | မြောက်ဦး | ၁၇ |
| | | ကျောက်ဖြူ | ၉ |
| | | အမ်း | ၆ |
| | | ပုဏ္ဏားကျွန်း | ၄ |
| | | ပေါက်တော | ၄ |
| | | တောင်ကုတ် | ၄ |
| | | ရမ်းဗြဲ | ၂ |
| | | မင်းပြား | ၂ |
| | | ဘူးသီးတောင် | ၁ |
| | | မြေပုံ | ၁ |
| | | စုစုပေါင်း | ၁၃၆ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင် | ၁၃ |
| | | ဒီပဲယင်း | ၂ |
| | | စုစုပေါင်း | ၁၅ |
| ၉။ | ကရင်ပြည်နယ် | မြဝတီ | ၂ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၀။ | နေပြည်တော် | ဥတ္တရသီရိ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁။ | ချင်းပြည်နယ် | ဖလမ်း | ၁ |
| | | မင်းတပ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ကျောက်မဲ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂ |
| | | ထားဝယ် | ၁ |
| | | ကော့သောင်း | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၄။ | ကချင်ပြည်နယ် | ဖားကန့် | ၆ |
| | | မြစ်ကြီးနား | ၁ |
| | | ရွှေကူ | ၁ |
| | | ဝိုင်းမော် | ၁ |
| | | စုစုပေါင်း | ၉ |
| | (၁၂-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၄၄) ဦး |

မှတ်ချက်။ (၁၂-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၄၄) ဦးတွင် အနှံ့မရရှိသူ (၁၆၉) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# မြန်မာ့သမိုင်းက ပြောပြနေသော မြန်မာ့ရုပ်ရှင်အနုပညာ၏ နှစ်တစ်ရာပြည့်ခရီး အပိုင်း(၄)

စန်းနီလာဝင်း

**ရုပ်ရှင်နှင့် သရုပ်ဆောင်အနုပညာ**

"သရုပ်ဆောင်အနုပညာ" သည် အလွန်သိမ်မွေ့နက်နဲလှသော ပညာတစ်ရပ် ဖြစ်ပါသည်။ "သရုပ်ဆောင်ခြင်းအတတ်ပညာကို သဘာဝအမူအရာများအား လေ့လာသုံးသပ်ခွဲခြမ်းစိတ်ဖြာမှုပြုပြီး လေ့လာသင်ယူလျှင် ရနိုင်သည်" ဟူသော အယူအဆနှင့် "သရုပ်ဆောင်ခြင်းကို ခံစားချက် စိတ်သွင်းပြီး လုပ်ဆောင်မှသာ ရနိုင်သည်" ဟူသော အယူအဆ နှစ်ရပ် ပေါ်ပေါက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ရုပ်ရှင်အနုပညာရှင်အချို့က "သရုပ်ဆောင်ဖြစ်ရန် လေ့ကျင့်သင်ကြားပေး၍ ရနိုင်သည်" (A Star is made) ဟူသော အယူအဆနှင့် "သရုပ်ဆောင်ဆိုသည်မှာ သူ့အလိုအလျောက် မွေးဖွားလာသူ" (A Star is born) ဟူသော အယူအဆကို ထပ်မံဖော်ထုတ်ခဲ့ကြသည်။

"သရုပ်ဆောင်အနုပညာရှင်သည် သရုပ်ဆောင်ချိန်အတွင်း မိမိ၏ မူလစိတ်နေကို ပယ်ဖျောက်ထားကာ ဇာတ်ကောင်၏ စိတ်၊ စရိုက်၊ ဉာဉ်တို့ဝင်နေအောင် စိတ်အာရုံများကို မလွင့်ပါးစေဘဲ မိမိစိတ်ကို စုစည်းအားထည့်၍ နှစ်မြှုပ်သရုပ်ဆောင်ပါက ထိုသရုပ်ဆောင်ချက်သည် ထူးခြားပြောင်မြောက်နေမည်" ဟု မြန်မာ့ရုပ်ရှင် ဝါရင့် ဒါရိုက်တာမင်းသားကြီး အကယ်ဒမီများရှင် ဘဘအေဝမ်းဦးတင်မောင်က ဖွင့်ဆိုရှင်းပြခဲ့ပါသည်။

စိတ်နှစ်၍ သရုပ်ဆောင်ခြင်းကို "Mood" သွင်း၍ သရုပ်ဆောင်သည်ဟု ဆိုပါသည်။ "Mood" ၏ မူရင်းအဓိပ္ပာယ်မှာ "ယာယီစိတ်နေစိတ်ထား" ဟူ၍ ဖြစ်ပါသည်။

ရုပ်ရှင်တွင် အသုံးပြုရသော "သုခုမအနုပညာဖန်တီးမှုစွမ်းရည်" မှာ စာလုံးများကို လှုပ်ရှားနေသော အရုပ်များအဖြစ် ပြောင်းလဲဖန်တီးနိုင်သော စွမ်းရည်ပင် ဖြစ်ပါသည်။ "ဝတ္ထုရေးဆရာနှင့် ဇာတ်ညွှန်းရေးဆရာတို့သည် ပရိသတ်ကို စာလုံးများဖြင့် ပြောပြသူများ ဖြစ်ကြသည်။ ရုပ်ရှင်ဒါရိုက်တာမှာ "ရုပ်ရှင်ရိုက်ကူးရေး၏ဘုရင်" ဖြစ်သောကြောင့် ပရိသတ်အား သရုပ်ဆောင်များ၏ လှုပ်ရှားနေသောရုပ်ပုံများဖြင့် ပြောပြနေသူပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရုပ်ရှင်သည် "စာလုံးအစီအစဉ်များကို လှုပ်ရှားနေသော ရုပ်ပုံအစီအစဉ်ဖြစ်လာအောင်ဖန်တီးခြင်း" ပင်ဖြစ်ပါသည်။

**ရုပ်ရှင်သည် ပရိသတ်၏ သည်းခြေကြိုက် အစာအာဟာရဖြစ်သည်**

စာရေးသူတို့၏ အမြင်မှာပြည်သည် ရှေးဟောင်းယဉ်ကျေးမှု အခြေခံအုတ်မြစ် ခိုင်ခံ့ခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ယဉ်ကျေးမှုဆိုရာ၌ လူတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပန်းဆယ်မျိုးလက်မှုပညာရပ်များ၊ စာပေ၊ ရုပ်ရှင်၊ ဂီတစသည့် ဆိုကရေးတီး သုခုမပညာရပ်များ၊ အတွေးအခေါ်များ၊ ရိုးရာဓလေ့ထုံးစံနှင့် ယုံကြည်မှုများ အပြင် လူနေမှုစနစ်များလည်း ပါဝင်ပါသည်။ ယဉ်ကျေးမှုသည်ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းနှင့်အတူ လိုက်ပါလေ့ရှိရာ ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းသည့် အနေဖြင့် စာပေနှင့် မှတ်တမ်းတင်ရသည်။ တေးဂီတ၊ ပန်းချီ ပန်းပုအနုပညာဖြင့်လည်း မှတ်တမ်းတင် ထိန်းသိမ်းကြရသည်။

ထိုသို့ကာကွယ်ထိန်းသိမ်းကြရသည့် အနုပညာအမျိုးအစားထဲတွင် ရုပ်ရှင်အနုပညာသည် အထိရောက်ဆုံးဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်သည် ကမ္ဘာ့ရုပ်ရှင်သက်တမ်းထက် ၃၁ နှစ် နောက်ကျခဲ့သော်လည်း မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ် ပေါက်လာသော သမိုင်းဖြစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့သဖြင့် ပို၍ဂုဏ်ယူမော်ကွန်းတင်စရာ ဖြစ်ပါသည်။ တကယ်တော့ ရုပ်ရှင်သည် အခြားသော ဖျော်ဖြေမှုများထက် အနုပညာဆွဲအား ပိုမိုကောင်းသည့်အတွက် တိုင်းပြည်အကျိုးပြုလုပ်ငန်းများ၌လည်း ပိုမိုထိရောက်စေပြီး ကျေးလက်ရော မြို့ပြပါမကျန် ထိုးဖောက်ဝင်ရောက်လွှမ်းမိုးနိုင်သောစွမ်းအားရှိသည့် "စိတ်ဓာတ်စစ်ဆင်ရေး"လက်နက်ကောင်းကြီးတစ်ခုပင် ဖြစ်ပါသည်။ သာဓကအားဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ဖဆပလ အစိုးရလက်ထက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဖျက်လုပ်ငန်းများကျဆုံးရေးကို ဦးတည်သရုပ်ဖော်ရိုက်ကူးတင်ဆက်ခဲ့သော ထိုစဉ်က ဝန်ကြီးချုပ် ဦးနု စီစဉ်ခဲ့သည့် "လူထုအောင်သံ" ရုပ်ရှင်ဇာတ်ကားကြီးမှာ အမျိုးသားနိုင်ငံရေးဆိုင်ရာ အကျိုးပြုရုပ်ရှင်ဇာတ်ကားကြီးအဖြစ် သမိုင်းဝင်မှတ်တမ်းတင်ခံခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် သိနိုင်မည်ဖြစ်ပါသည်။

**မြန်မာ့ရုပ်ရှင်၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်**

မြန်မာ့ရုပ်ရှင်၏ အနုပညာခရီးရှည်ကြီးကို ပိုင်းခြားကြည့်မည်ဆိုလျှင် -

(၁) မြန်မာ့ရုပ်ရှင်ဌေရတုသဘင်ကာလ (၁၉၂၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ)

(၂) မြန်မာ့ရုပ်ရှင်ဌေရတုသဘင်ကာလ (၁၉၄၆ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ)

(၃) မြန်မာ့ရုပ်ရှင်ရွှေရတုသဘင်ကာလ (၁၉၄၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ)

(၄) မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်ကာလ (၁၉၇၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ)

(၄) မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကာလ (၁၉၉၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ)

(၅) နှစ် ၁၀၀ ပြည့်အလွန် မြန်မာ့ရုပ်ရှင်အနာဂတ်ကာလ ဟူ၍ ခွဲခြားနိုင်ပါသည်။

မြန်မာ့ရုပ်ရှင်ဌေရတုကာလတွင် ၁၉၂၀ ပြည့်နှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ ၁၀ နှစ် ကာလအတွင်းမှာပင် အသံတိတ်စာတန်းထိုး ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ကျော်ကို ရိုက်ကူးထုတ်လုပ်ပြသနိုင်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၄၁ ခုနှစ်အထိ ၂၁ နှစ်အတွင်း ရုပ်ရှင်ကုမ္ပဏီပေါင်း ၁၀၀ ကျော်မှ ရိုက်ကူးထုတ်လုပ်ပြသခဲ့ကြသော ရုပ်ရှင်ဇာတ်ကားပေါင်း ဖဇစ ကားရှိခဲ့ရာ အသံတိတ်ရုပ်ရှင်ကား ဖ၃၂ ကား၊ အသံထွက်ရုပ်ရှင်ကား ၅၅ ကား၊ သံစုံသွင်းရုပ်ရှင်ကား ခုနစ်ကား၊ ကာတွန်း လေးကား ပါဝင်ခဲ့သည်ကို တွေ့ရသည်။

ထိုအချိန်၊ ထိုအခါက ဗြိတိသျှဘာသားမားရုပ်ရှင်ကုမ္ပဏီက အသံတိတ်ရုပ်ရှင် ၁၉ဖ ကား၊ အသံထွက်ရုပ်ရှင် ၃၈ ကား ထုတ်လုပ်ခဲ့ပြီး မြန်မာအဆွေ(အေဝမ်း)ရုပ်ရှင်ကုမ္ပဏီက အသံတိတ်ရုပ်ရှင်ကား ၇၀၊ အသံထွက်ရုပ်ရှင် ၂၂ ကား ရိုက်ကူးထုတ်လုပ်ပြသခဲ့သည်။ ထိုရုပ်ရှင်ကားများ၏ ဇာတ်လမ်းအမျိုးအစားများမှာ နိပါတ်၊ ပုံပြင်၊ ရာဇဝင်၊ သိုက်၊ သမိုင်း ၄၀ ရာခိုင်နှုန်း၊ အချစ်နှင့်အိမ်ထောင်ရေး ၃၀ ရာခိုင်နှုန်း၊ စတန့်ဇာတ်ကြမ်း ၂၀ ရာခိုင်နှုန်း၊ ဟာသ ၁၀ ရာခိုင်နှုန်း ပါဝင်ခဲ့သည်ဟု လေ့လာသိရှိရသည်။

မြန်မာ့ရုပ်ရှင်ဌေရတုကာလသည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီအုပ်ချုပ်ရေးကာလဖြစ်သောကြောင့် မြန်မာရုပ်ရှင်ဒါရိုက်တာအများစုသည် တိုင်းချစ်ပြည်ချစ်စိတ်၊ သူ့ကျွန်မခံလိုစိတ်၊ မျိုးချစ်စိတ်တို့နှင့်အတူ မြန်မာပြည်သူပရိသတ်များအမျိုးသားရေး ဝံသာနုရက္ခိတ တရားထွန်းကားရေး၊ မျိုးချစ်စိတ်ဓာတ်ထက်သန်လာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ပြန့်ပွားရေးတို့ကို လှုံ့ဆော်သောရုပ်ရှင်ကားများကို ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။ သာဓကအားဖြင့် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက်သော ရန်ကုန်တက္ကသိုလ် သပိတ်ပါဝင်သည့် ရုပ်ရှင်ကားမျိုး၊ အလောင်းအစားဖြင့် စီးပွားရေးချွတ်ခြုံကျရုပုံနှင့်ပတ်သက်သည့် "၃၆ ကောင်" အမည်ရှိ လူမှုပြုပြင်ရေးပညာပေးရုပ်ရှင် ဇာတ်ကားမျိုး၊ အောင်သပြေ၊ ဒို့ဒေါင်းလံကဲ့သို့ ဇာတိသွေး၊ ဇာတိမာန်တက်ကြွရေးကို ရှေးရှုသော ရုပ်ရှင်ကားမျိုး၊ ဗိုလ်အောင်ဒင်၊ တောပုန်းကြီးစံဖဲ ကဲ့သို့သော ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို ရှုတ်ချသော ရုပ်ရှင်ကားမျိုးကို ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်မှာ ဂုဏ်ယူစံထားဖွယ်ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်စတင်ခဲ့သည့် ၁၉၂၀ ပြည့်နှစ်မှစ၍ ပုလိပ်မင်းကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်ခဲ့သော အင်္ဂလိပ်နယ်ချဲ့အာဏာပိုင် ရုပ်ရှင်ဆင်ဆာအဖွဲ့ကလည်း အမျိုးသားရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးကို ဦးတည်ရိုက်ကူးထုတ်လုပ်ကြသည့် မြန်မာ့ရုပ်ရှင်ကားများကို ပိတ်ပင်ပြီး အချို့ကို ဖြတ်တောက်ပစ်ခဲ့ကြသည်။

ထိုအခြေအနေများကြားထဲမှ မြန်မာ့ရုပ်ရှင်အနုပညာရှင်များက ရိုက်ကူးထုတ်လုပ်ခဲ့ကြရာ ၁၉၂၃ ခုနှစ်တွင် မြန်မာအဆွေကုမ္ပဏီက ရိုက်ကူးထုတ်လုပ်သော "ဆုထူးပန်" အမည်ရှိ ရုပ်ရှင်ကားကို အင်္ဂလန်သို့ ပထမဦးဆုံး တင်ပို့ပြသနိုင်ခဲ့သည်အထိ အောင်မြင်ခဲ့ပါသည်။

သရုပ်ဆောင်၊ ဒါရိုက်တာ၊ တေးသံရှင် အကယ်ဒမီများရှင် (ဦး)ကျော်ဟိန်း၏လက်ရာ မွန်းတည့်ချိန်တွင် နေဝင်သည် ဇာတ်ကား။

အကယ်ဒမီများရှင် ဒါရိုက်တာ(ဦး)ကြည်စိုးထွန်း။

ပန်းချီ၊ ဓာတ်ပုံ၊ ရုပ်ရှင်ပညာရှင် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုး။

စာမျက်နှာ ၁၉ သို့ ❖

❖ **စာမျက်နှာ ၁၈ မှ**

ထိုကာလ၌ "ဝေဘူစံ" အမည်ရှိ အသံတိတ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မင်းသားကို ကိုးကိုယ်ခွဲ၍ ရိုက်ကူးပြသနိုင်ခဲ့သည်။ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကာလ ပတ်ဝန်းကျင်တွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သော (A Journey To the West) "မျောက်မင်းဝူခုန်း" ဇာတ်လမ်းတွဲ၌ တန်ခိုးရှင် မျောက်မင်းဝူခုန်းက မြေပြင်မှ ခုန်ပျံကျော်လွှားကာ ကောင်းကင်သို့ တက်သွားပုံများကို အထူးအဆန်းအံ့သြဖွယ်ဖြစ်အောင် ရိုက်ကူးခဲ့သဖြင့် လူကြိုက်များခဲ့သည်။ သို့ရာတွင် ထိုရိုက်ကွက်များကို မြန်မာ့ရုပ်ရှင်ဌေရတုခေတ်ဦးကာလကတည်းကပင် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်က ရာဇဝင်၊ သိုက်သမိုင်းရုပ်ရှင်ကားများ၌ ဖော်ပြပါရှိခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ၁၉၃၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော အမေရိကန်ဟောလိဝုဒ်မှ ကမ္ဘာကျော်ဒါရိုက်တာ မင်းသားကြီး "ဒေါက်တာ အလပ်စ်ဖဲယားဘင်း" အဖွဲ့က မြန်မာ့ရုပ်ရှင်ဌေရတုကာလ ရိုက်ကူးထုတ်လုပ်ခဲ့သော ရုပ်ရှင်ဇာတ်ကားများကို ဂုဏ်ပြုချီးကျူးခဲ့ခြင်းပင် ဖြစ်သည်။ ၁၉၄ဖ ခုနှစ် မြန်မာ့ရုပ်ရှင် ရွှေရတုကာလရောက်သောအခါ ၁၉၇၀ ပြည့်နှစ်မတိုင်မီအထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၈၁၂ ကားထုတ်လုပ်ခဲ့ပြီး အသံထွက်ကား ၄၅၀ ၊ အသံတိတ် ၃၄၁ ကား၊ သံစုံသွင်းရုပ်ရှင်ကား ၂၁ ကား ပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။

ဤနေရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ရှင်အနုပညာအပေါ် သဘောထားကို တင်ပြလိုပါသည်။

**တစ်မျိုး၏ဘဝတွင် အရေးပါအရာရောက်သော ပညာရပ်တစ်ခု ဖြစ်သည်။ သို့သော်ဟာသအစစ်နှင့် အတုကိုခွဲခြားရန်လိုသည်။ ဇာတ်ပွဲများတွင် ပါဝင်သော လူရွှင်တော်များ၏ ပြက်လုံးများသည် အခါခပ်သိမ်း ဟာသပညာ မဟုတ်ပေ။ ကျွန်တော် နားလည်သော ဟာသပညာကား လောကီလူ့ဘဝ၊ လူ့ဇာတ်ခုံတွင် ရှေ့နောက်မည်သို့ အဆင်မပြေသော အချက်အလက်များကို ထုတ်ဖော်၍ ရှင်လူအပေါင်းတို့အား ရယ်စရာသဘောမြင်စေရမည်"** စသည်ဖြင့် အမှာစာရေးသားခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ဗိုလ်ချုပ်၏ ဟာသရုပ်ရှင်ဆိုင်ရာ ရှုမြင်သုံးသပ်ချက်မှာ ယနေ့ရုပ်ရှင်ဒါရိုက်တာများ၊ ဟာသသရုပ်ဆောင်များအတွက် ခံယူလိုက်နာဖွယ် သြဝါဒဖြစ်သည်ဟု ထင်မြင်ပါသည်။

ဇာတ်ပို့သရုပ်ဆောင် ကျော်ကျော်ဗိုလ် အကယ်ဒမီဆုဆွတ်ခူးခဲ့သည့် မုန်းစွဲ ရုပ်ရှင်ဇာတ်ကား။

မြန်မာ့ရုပ်ရှင် စိန်ရတုကာလတွင် အထူးခြားဆုံး ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည့် ရုပ်ရှင်မှာ ၁၉၈၃ ခုနှစ်၌ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကြီးတွင် ဆရာဦးသုခ၏ **"ရွှေခြည်ငွေခြည် တန်းပါလို့"** ဇာတ်ကားပင်ဖြစ်ပါသည်။ ထိုဇာတ်ကားကို နိုင်ငံတကာမှ ဝါရင့်ရုပ်ရှင်အနုပညာရှင်ကြီးများက **"ရွှေခြည်ငွေခြည် တန်းပါလို့" ဟူသော မြန်မာရုပ်ရှင်ဇာတ်ကားမှာ မြန်မာပီသပြီး မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်အောင် အပြည့်အဝဖော်ဆောင်နိုင်ကြောင်း၊ သရုပ်ဆောင်များသည် မလိုအပ်ဘဲ ဘောင်းဘီမဝတ်ကြောင်း၊ ချစ်မေတ္တာကိုပြသရာတွင်လည်း မောင်ချစ်နှမချစ်၊ မိဘနှင့် သားသမီးအချစ်ကို နက်ရှိုင်းစွာဖော်ကျူးပြသနိုင်ကြောင်း၊ သမီးရည်းစားအချစ်၊ လင်မယားအချစ်တို့ကို နူးညံ့သိမ်မွေ့စွာပြသနိုင်ကြောင်း၊ ယခုရုပ်ရှင်ပွဲတော်၌ ပြသသော အချစ်ဇာတ်ကားများသည် များသောအားဖြင့်** အခြေအနေပေးမည်ဆိုပါက ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကြီးက ဦးဆောင်၍ မြန်မာ့ရုပ်ရှင်သမိုင်းကို မျိုးဆက်သစ် ရုပ်ရှင်အနုပညာရှင်များနှင့် လေ့လာသူများအတွက် ရည်ညွှန်းကိုးကားရမည့် ကျမ်းကြီးတစ်အုပ် သို့မဟုတ် ကျမ်းငယ်အသွယ်သွယ်တို့ အချိန်ယူ ဝိုင်းဝန်းပြုစုစေလိုပါသည်။

ယခုလည်း ခေတ်အဆက်ဆက်ပြသခဲ့သော မြန်မာ့ဝတ်စားဆင်ယင်မှုများ၊ အမူအရာဟန်ပန်အနေအထားတို့ကိုလည်း အတုခိုးတတ်ကြသည်။ ထို့ကြောင့် မျိုးဆက်သစ်များအတွက် ကောင်းသော လမ်းညွှန်မှုများ ပြသရန်လိုအပ်လှသည်။

၁၉၇၀ ပြည့်နှစ်တွင် အောင်မြင်ကျော်ကြားလူကြိုက်များလှသော စာရေးဆရာ ဒါရိုက်တာ အဆိုကျော်(ဦး)ဝင်းဦး၏ မှုန်ရွှေရည်ဇာတ်ကား။

ဗိုလ်ချုပ်သည် ရုပ်ရှင်ဇာတ်ကားများကို ရွေးချယ်၍ကြည့်တတ်၏။ ဗရုတ်ဗရက် သရုပ်ပျက်ဇာတ်ကားများ၊ လူမျိုးတစ်မျိုးအား နှိမ်ချသောဇာတ်ကားများကို ဘယ်တော့မှမကြည့်၊ နက်နဲသိမ်မွေ့၍ စိတ်ပညာနှင့် ပတ်သက်သော ဇာတ်ကား၊ အချစ်နှင့် အိမ်ထောင်ရေး ဇာတ်ကားများပင်ဖြစ်စေ ဇာတ်အိမ်ခိုင်ခံ့၍ အကျိုးပြုနိုင်သည့် ဇာတ်ကားများ ၊ ရာဇဝင်သမိုင်းကို ကျောရိုးခံထားသော ဇာတ်ကားများကို နှစ်သက်၏။

မင်းသားကြီး "ကလပ်ဂေဘယ်လ်" ဦးဆောင်ပါဝင်သော Gone with the Wind, Waterloo Bridge, The Good Earth, For whom the Ball Tolls အမည်ရှိ ရုပ်ရှင်ဇာတ်ကားများကို နှစ်ခြိုက်ခဲ့ပြီး "For whom the Ball Tolls" ဇာတ်ကားမှာ စပိန်ပြည်တွင်းစစ်ကြီးကို နောက်ခံထား၍ ရိုက်ကူးခဲ့သော ရုပ်ရှင်ဖြစ်၍ ဗိုလ်ချုပ် အနှစ်ခြိုက်ဆုံး ရုပ်ရှင်ကားဖြစ်သည်ဟု သိရသည်။ ဗိုလ်ချုပ်သည် ဟာသရုပ်ရှင်ကားများကို ကြည့်ရှုလေ့ရှိသော်လည်း ပရိသတ်ကို ကလိထိုး၍ အတင်းရယ်ခိုင်းစေသောဟာသများကို လုံးဝမကြိုက်ပေ။ ထို့ကြောင့် ဟာသနှင့် ပတ်သက်၍ ၁၉၄ဖ ခုနှစ် ဖေဖော်ဝါရီလထုတ် ဇဝနဂျာနယ်၌ **ဗိုလ်ချုပ်က "ဟာသပညာသည် လူမျိုး**

ရုပ်ရှင်ဇာတ်ကားများကို အချိန်ယူ စုဆောင်းပြသပေးခြင်း၊ ရုပ်ရှင်တေးသီချင်းများကို တေးသံရှင်အသီးသီးက ဂုဏ်ပြုသီဆိုခြင်း၊ ရုပ်ရှင်ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ပြီး မှတ်တမ်းတင်ကာ ပြသခြင်း၊ ရုပ်ရှင်ပဟေဠိ အမေးအဖြေပွဲများ ကျင်းပခြင်း၊ ရုပ်ရှင်ဆိုင်ရာ စာပေပြိုင်ပွဲကျင်းပခြင်း၊ ရုပ်ရှင် စာတမ်းဖတ်ပွဲကျင်းပရန် စီစဉ်ခြင်းတို့မှာ အထူးဂုဏ်ယူစရာ ဖြစ်ပါသည်။

ယနေ့ခေတ်တွင် "ဒစ်ဂျစ်တယ်" (Digital) စနစ်ကြောင့် ဂန္ဓဝင်ရုပ်ရှင် ဇာတ်ကားများကို မပျက်စီး၊ မယိုယွင်းအောင် ထိန်းသိမ်းမှတ်တမ်းတင်ထားနိုင်ပြီ ဖြစ်ပါသည်။ ရုပ်ရှင်စတူဒီယိုကြီး ဆောက်လုပ်ရန် မြေနေရာလည်း ရှိနေပြီဖြစ်သည်။ ရုပ်ရှင်ရိုက်ကူးရေးကဏ္ဍတွင်လည်း တိုးတက်လာသော ကွန်ပျူတာ သိပ္ပံပညာရပ်များကြောင့် "အထူးပြုလုပ်ချက်" ဟူသော "ကင်မရာအထူးပြုလုပ်ချက်"၊ "အသံအထူးပြုလုပ်ချက်" များဖြင့် ရိုက်ကူးနိုင်ကြပြီ ဖြစ်ပါသည်။

ရုပ်ရှင်သည် ပြည်သူကိုအလင်းရောင်ပေးသည်၊ လမ်းပြပေးသည်။ ရုပ်ရှင်၏ လမ်းညွှန်ရာဆီသို့ ပရိသတ်အချို့ အထူးသဖြင့် ဆယ်ကျော်သက်အရွယ် လူငယ်များက လိုက်ပါသွားတတ်ကြသည်။ ရုပ်ရှင်သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုများ၊ အမူအရာဟန်ပန်အနေအထားတို့ကိုလည်း အတုခိုးတတ်ကြသည်။ ထို့ကြောင့် မျိုးဆက်သစ်များအတွက် ကောင်းသော လမ်းညွှန်မှုများ ပြသရန်လိုအပ်လှသည်။

မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်က ရုပ်ရှင်သရုပ်ဆောင်များ၊ ဇာတ်ညွှန်း၊ ဒါရိုက်တာများနှင့် ပတ်သက်၍ **"နိမ့်နေတုန်းမှာ ဘာမှမကြောက်နှင့်၊ နာမည်ရလာပြီး မြင့်လာရင်တော့ ကြောက်ကြပါ။ ရုပ်ရှင်ညီအစ်ကို မောင်နှမများသည် ရရှိနေတဲ့အဆင့်နေရာမှ နိမ့်ကျမသွားဖို့၊ ရောက်ရှိ နေတဲ့နေရာမှာလည်း ရပ်တန့်မနေဘဲ ဆက်လက်ကြိုးစားကြဖို့၊ အနုပညာလမ်းခုလတ်မှာ ခါးဆက်မပြတ်ကြဖို့၊ ရုပ်ရှင်အနုပညာရှင်၊ ထုတ်လုပ်သူများက ထမင်းရှင်ဖြစ်ကြတဲ့ ပြည်သူပရိသတ်ကို လေးစားနေဖို့၊ အရေးကြီးတာကို မမေ့ကြပါနှင့်"** ဟူသော သြဝါဒကထာသည် ရုပ်ရှင်လောကသားများအတွက် ဦးထိပ်ပန်ဆင်လိုက်နာဖွယ် လမ်းညွှန်ချက်ပင် ဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ထုတ်လုပ်သူများ ပူးပေါင်းလက်တွဲပြီး တက်ညီလက်ညီ ကြိုးပမ်းခြင်းဖြင့် မြန်မာ့ရုပ်ရှင်၊ မြန်မာ့ရုပ်မြင်ဇာတ်လမ်းတွဲများသည် မြန်မာ့ယဉ်ကျေးမှုကို ကိုယ်စားပြုကာ ကမ္ဘာ့ရုပ်ရှင်၊ ရုပ်မြင်ပရဝဏ်ထဲသို့ပါ ထိုးဖောက်နိုင်မည်ဖြစ်ကာ မြန်မာ့ရုပ်ရှင်၏ အနာဂတ်သည်လည်း ရေမြင့် ကြာတင့်သကဲ့သို့ ရှိလာမည် ဖြစ်ပါကြောင်း ရေးသားဂုဏ်ပြုတင်ပြ လိုက်ရပါသည်။ ။

**အကိုးအထောက်**


**၁။ ကျွန်ုပ်နှင့် မြန်မာ့ရုပ်ရှင်လောက(ဒဂုဏ်ပဦးဘတင်၊ စာပေဗိမာန်)**

**၂။ ဒါရိုက်တာဦးပြည့်စုံ၊ ဒါရိုက်တာအကယ်ဒမီဦးထွန်းလှိုင်၊ ဒါရိုက်တာဦးမြင့်အောင်၊ ဒါရိုက်တာ အကယ်ဒမီများရှင် မောင်ဝဏ္ဏ၊ ဒါရိုက်တာ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်း၊ ဒါရိုက်တာ အကယ်ဒမီများရှင် ပန်းချီစိုးမိုးတို့နှင့် ဆွေးနွေးပြောဆိုချက်များ။**

၃။ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင်စာတမ်းများ(မြဝတီစာပေတိုက်)

၄။ စစ်ပြီးခေတ် မြန်မာ့ရုပ်ရှင်ဒါရိုက်တာအချို့၏ အနုပညာလက်ရာကို ရသပညာရှုထောင့်မှ လေ့လာဆန်းစစ်ချက် (မခင်ဖြူနု မဟာဝိဇ္ဇာ၊ ဒဿနိကဗေဒ၊ ရန်ကုန် တက္ကသိုလ်)

၅။ List of Burmese Film (Wikipedia)


❖ **ရုပ်ရှင်သည် ပြည်သူကို အလင်းရောင်ပေးသည်၊ လမ်းပြပေးသည်။ ရုပ်ရှင်၏ လမ်းညွှန်ရာဆီသို့ ပရိသတ်အချို့ အထူးသဖြင့် ဆယ်ကျော်သက်အရွယ် လူငယ်များက လိုက်ပါသွားတတ်ကြ။**

❖ **ရုပ်ရှင် သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုများ၊ အမူအရာ ဟန်ပန်အနေအထားတို့ကိုလည်း အတုခိုးတတ်ကြ။**

❖ **ထို့ကြောင့် မျိုးဆက်သစ်များအတွက် ကောင်းသောလမ်းညွှန်မှုများ ပြသရန် လိုအပ်။**

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်တိုဘာ ၁၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ**

**အစီအစဉ်မှူး။** ။ အခုဆိုရင် မြန်မာနိုင်ငံမှာ ကိုဗစ် - ၁၉ ရောဂါပိုး အတည်ပြုလူနာ ပေါင်း ၃၀၀၀၀ နီးပါး ရှိလာနေပြီ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ အဖွဲ့အစည်းအသီးသီးက ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေက ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် ကြိုးပမ်း လုပ်ဆောင်နေကြတာဆိုရင် တကယ့်ကို ကျေးဇူးတင်ဂုဏ်ယူစရာဖြစ်သလို၊ ပြည်သူတွေအနေနဲ့လည်း ကျန်းမာရေးဝန်ထမ်းတွေနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမယ်ဆိုရင်တော့ အတိုင်းထက်အလွန် ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။

ကိုဗစ် - ၁၉ ရောဂါနဲ့ပတ်သက်လို့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ လိုက်နာဆောင်ရွက်ရမယ့် စည်းမျဉ်းစည်းကမ်းတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက ရုပ်မြင်သံကြားအစီအစဉ်နဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် အပတ်စဉ် အသိပညာပေး ရှင်းလင်းပြောကြားနေသလို ပြည်သူတွေကလည်း ဒီအချက်တွေကို အတိအကျ လိုက်နာခြင်းဖြင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်ပေးကြဖို့ လိုအပ်ပါတယ်။

ဒီနေ့အတွက် မေးခွန်း မေးမြန်း၊ ဖြေကြား ဆွေးနွေးမှုမှာ ပါမောက္ခ ဒေါက်တာမြင့်ဟန် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်)၊ ပါမောက္ခ ဒေါက်တာဇော်လင်းအောင် (ပါမောက္ခဌာနမှူး၊ ဆေးပညာဌာန - ဆေးတက္ကသိုလ် (၁) ရန်ကုန်)တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါက်တာထွန်းတင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)က ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆရာကြီးတို့အားလုံး မင်္ဂလာပါ။ ဒီနေ့မှာ ဆရာကြီးတို့ မအားလပ်တဲ့ကြားကနေ အချိန်ပေးပြီး လာရောက်ဆွေးနွေးပေးတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားပါရစေ။ ဆွေးနွေးမှုတွေ စတင်နိုင်ဖို့အတွက် ဆရာကြီးတို့ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထွန်းတင်။** ။ ကိုဗစ်-၁၉ရောဂါ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ကြည့်ရှုနေကြတဲ့ မိဘပြည်သူများအားလုံး မင်္ဂလာပါ။ ဒီအစီအစဉ်ဟာ အခုဆိုရင် တတိယအပတ်ထဲ ရောက်ရှိလာပြီးတော့ ပြီးခဲ့တဲ့အစီအစဉ်တွေမှာလည်း ဆရာကြီး၊ ဆရာမကြီးတွေ တော်တော်များများ ပြည့်ပြည့်စုံစုံ ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

**ဖြေစရာတွေ ရှိနေ**

ဒါပေမယ့်လည်း ဒီ ကိုဗစ်-၁၉ နဲ့ ပတ်သက်လို့ကတော့ မေးစရာတွေ ကျန်နေမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရောဂါရဲ့ သဘာဝအရလည်း ပြောင်းလဲမှုတွေ ရှိနေတယ်။ ဒီလို ပြောင်းလဲမှုမှာ မူတည်ပြီး လိုက်ပြီးတော့ တုံ့ပြန်ဆောင်ရွက်ရတဲ့ အစီအစဉ်တွေကလည်း ပြောင်းလဲနေတာဖြစ်လို့ ဖြေစရာတွေက ဆရာတို့မှာ ရှိနေပါတယ်။

ဒီနေ့အစီအစဉ်အတွက် စုဆောင်းထားတဲ့ မေးခွန်းတွေကို ဆရာတို့အနေနဲ့ လေ့လာကြည့်လိုက်တဲ့အခါမှာ ကဏ္ဍစုံ ပါဝင်နေတာကို တွေ့ရပါတယ်။ ရောဂါကူးစက်မှု၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု၊ ရောဂါလက္ခဏာ ကုသမှုတွေ၊ အန္တရာယ်ရှိတဲ့အုပ်စု၊ ရောဂါအခံရှိသူတွေ၊ သေဆုံးမှုတွေ၊ ရောဂါကူးစက်မှုမရှိအောင် ဆောင်ရွက်ရမယ့်အပိုင်းတွေ စသည်ဖြင့် အစုံစုံ မေးထားတာတွေကို ဆရာတို့ တွေ့ရပါတယ်။

**ဦးစားပေး ဖြေဆို**

ကျွန်တော်တို့ အဖွဲ့အနေနဲ့က အကုန်လုံးကို တစ်ခါတည်း ဖြေကြားပေးလိုပေမယ့်လည်း ရရှိတဲ့ အချိန်ကန့်သတ်ချက်ပေါ်မူတည်ပြီး ဦးစားပေးပြီး ရွေးချယ်ဖြေဆိုသွားပါရစေ။ မိဘပြည်သူတွေ သိတဲ့အတိုင်းပဲ အခုဆိုရင် ကိုဗစ်-၁၉ ရောဂါအတည်ပြုနိုင်သူ စုစုပေါင်းက ၃၀၀၀၀ နီးပါး ရှိလာပြီ၊ သေဆုံးသူပေါင်းက ၆၀၀ ကျော်၊ ၇၀၀ နီးပါး ရှိနေခဲ့ပြီ ဖြစ်ပါတယ်။

ဒါနဲ့ဆက်စပ်ပြီး ပထမဆုံးမေးခွန်းအနေနဲ့ ကိုဗစ်-၁၉ ကြောင့် ကူးစက်ရောဂါအခံရှိသူတွေ သေဆုံးမှုများတယ်ဆိုရင် သူတို့ရောဂါတွေကို ဘယ်မှာသွားပြကြရမလဲ၊ ဆေးမပြတ်အောင် ဘယ်လိုလုပ်ရပါ့မလဲ၊ ဘယ်ဆေးရုံ၊ ဘယ်ဆေးခန်းကို သွားရပါ့မလဲ ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဆရာကြီး ပါမောက္ခ ဒေါက်တာဦးမြင့်ဟန်ကို စတင်ဖြေကြားပေးဖို့ ပန်ကြားပါတယ်။

**ပါမောက္ခဒေါက်တာမြင့်ဟန်။** ။ ကျွန်တော် ဒီမေးခွန်းနဲ့ အစပြုပြီးတော့ ပြည်သူတွေက အန္တရာယ်ရှိတဲ့အုပ်စု၊ ရောဂါအခံရှိတဲ့အုပ်စုနဲ့ပတ်သက်ပြီး မေးမြန်းတာတွေလည်း ရှိပါတယ်။ အခု ကိုဗစ်ကာလမှာ ဆေးရုံ၊ ဆေးခန်းတွေကို သွားပြီးတော့ လူနာတွေက ပြသဖို့ အခက်အခဲ ရှိနေတာတွေနဲ့ ပတ်သက်ပြီး မေးမြန်းထားတာတွေ အားလုံးကို ကျွန်တော့်အနေနဲ့ စုစည်းပြီး ဆွေးနွေးပါ့မယ်ဆရာ။

**ရောဂါစုံရှိနေတာ တွေ့ရ**

ဒီနေရာမှာ ကျွန်တော်တို့ NCD ခေါ်တဲ့ မကူးစက်တတ်တဲ့ ရောဂါတွေထဲမှာ အဓိက အရေးကြီးတာကတော့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ စသဖြင့် ဖြစ်ပါတယ်။ ဒီရောဂါတွေက တစ်ခုတည်း ဖြစ်နိုင်သလို ဒါတွေက ဆက်စပ်ပြီးတော့လည်း ရောဂါပေါင်းစုံ တစ်ဦးတည်းမှာ ရှိနေတာမျိုးလည်း တွေ့ရပါတယ်။

ဒီကာလမှာ မိမိတို့ရဲ့ သွေးပေါင်ချိန်ကို ထိန်းသိမ်းထားဖို့ လိုပါတယ်။ ဆီးချိုကိုလည်း ထိန်းသိမ်းထားဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဆီးချို သွေးချိုကြောင့် နောက်ဆက်တွဲ ရောဂါတွေ၊ ကိုဗစ်ရောဂါရခဲ့ရင် ပိုမိုလာဖို့ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ လူနာကိုယ်နှိုက်က မိမိရဲ့ ဆီးချို၊ သွေးချိုကို မိမိတို့ကိုယ်တိုင်ထိန်းကျောင်းနိုင်ဖို့၊ သွေးပေါင်ကိုလည်း ထိန်းနိုင်ဖို့ ကျွန်တော် နည်းလမ်းလေးတွေ ဆွေးနွေးပါ့မယ်။

**လူတိုင်း လက်လှမ်းမီ**

အဓိက မိမိရဲ့အိမ်မှာ သွေးပေါင်ချိန်နိုင်ဖို့ လိုပါတယ်။ သွေးပေါင်ကို စနစ်တကျချိန်နိုင်ဖို့ အတွက်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံ သွေးတိုးရောဂါအဖွဲ့ရဲ့ Facebook စာမျက်နှာမှာ ဗီဒီယိုနဲ့တကွ သွေးတိုးရောဂါအကြောင်း တွေလည်း ရှင်းလင်းထားတာတွေရှိပါတယ်။ ဒါတွေကိုလည်း လေ့လာနိုင်ပါတယ်။ သွေးချိုတိုင်းကိရိယာ၊ ဆီးချိုတိုင်းတဲ့ကိရိယာတွေက အခုအချိန်မှာဆိုရင် အသုံးဝင်လာပြီး လူတိုင်းလည်း လက်လှမ်းမီလာတဲ့ အနေအထားရှိတဲ့ အတွက် ဒါတွေကို အသုံးချကြပါလို့ တိုက်တွန်းလိုပါတယ်။

ဥပမာအားဖြင့် သွေးတိုးရောဂါနဲ့ ပတ်သက်ပြီး အခုလို ကိုဗစ်ကာလမှာ ကိုယ်လက်လှုပ်ရှားမှုတွေ နည်းလာတယ်။ တာရှည်ခံ အစားအသောက်တွေ စားရတယ်။ အင်နာဂျီတွေ ပိုကဲစွာ စားသုံးမိတဲ့ အခွင့်အလမ်းတွေ ဖြစ်လာနိုင်တယ်။

**တစ်နေ့ နာရီဝက် တစ်ပတ် ငါးရက်**

နောက်အရေးကြီးတဲ့အပိုင်းက ကိုဗစ်ကြောင့် စိတ်ဖိစီးမှုတွေ အားလုံးများပြားကြပါတယ်။ ဒါကြောင့်လည်း သွေးပေါင်ချိန်တက်နိုင်ပါတယ်။ နောက်မိမိရဲ့ သွေးပေါင်ချိန်ကို မှန်မှန်ချိန်တဲ့အပြင် သွေးပေါင်ချိန်အနည်းငယ် မြင့်တက်ရုံမျှနဲ့လည်း စိုးရိမ်ပူပန်စရာ မရှိပါဘူး။ ပုံမှန်သွေးကျဆေးတွေကို လည်း ပုံမှန်အတိုင်း သောက်သုံးပြီး စောစောက ကျွန်တော်ပြောတဲ့ အစားအစာကို လျှော့ပြီး၊ အင်နာဂျီလျှော့ပြီးစားမယ်၊ တာရှည်ခံအစားအသောက်တွေ လျှော့စားမယ်။ ကိုယ်လက်လှုပ်ရှားမှုကို တစ်နေ့ကို နာရီဝက်၊ တစ်ပတ်ကို အနည်းဆုံး ၅ ရက် လုပ်မယ်။

နောက်ပြီး ဆေးလိပ်နဲ့ အရက်ကို ရှောင်မယ်။ စိတ်ဖိစီးမှုတွေ လျော့ပါးအောင် သတိမှတ်တဲ့ အလေ့အကျင့်မျိုး၊ တရားထိုင်တဲ့ တရားမှတ်ခြင်းစတဲ့ အလေ့အထတွေက

> **မြို့နယ်တွေ၊ ကျေးလက်တွေမှာဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်း (Community Clinic) တွေမှာ သွေးတိုးနဲ့ ဆီးချိုရောဂါ ကုသပေးတဲ့ဆေးခန်းတွေ အပတ်စဉ်မှာ တစ်ရက်သတ်မှတ်ပြီး ဖွင့်လှစ်ထားတာတွေ ရှိပါတယ်။ အဲဒီမှာ လည်း အခြေခံကျတဲ့ လုံလောက်တဲ့ ဆေးဝါးတွေ၊ စမ်းသပ်စစ်ဆေးမှုတွေကိုလည်း ပြုလုပ်နိုင်ပါတယ်။**

ပြီး ဖွင့်လှစ်ထားတာတွေ ရှိပါတယ်။ အဲဒီမှာ လည်း အခြေခံကျတဲ့ လုံလောက်တဲ့ ဆေးဝါးတွေ၊ စမ်းသပ်စစ်ဆေးမှုတွေကိုလည်း ပြုလုပ်နိုင်ပါတယ်။

**တိုင်ပင်ဆွေးနွေးနိုင်**

အထူးသဖြင့် ကိုဗစ်ဆိုးရွားနေတဲ့ ဒီရန်ကုန်တိုင်းဒေသကြီးမှာ ကျွန်တော် လမ်းညွှန်ရရင် မြို့နယ်ပေါင်း ၂၂ မြို့နယ် ကျော်ကို မြန်မာနိုင်ငံဆရာဝန်အသင်းက GP Society လို့ခေါ်တဲ့ အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ရဲ့ Facebook Page မှာ ဒီရောဂါလက္ခဏာတွေ၊ မိမိမှာရှိတဲ့ ကျန်းမာရေးပြဿနာတွေနဲ့ ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးနိုင်တယ်ဆိုပြီး ညွှန်ပြချင်ပါတယ်။ ဆရာဝန်ပေါင်း ၁၅၀ ကျော်က တနလင်္ဂနဲ့ ဗုဒ္ဓဟူးနေ့တွေမှာ ဒီဝန်ဆောင်မှုကို ပေးနေတယ်ဆိုတာ သတင်းပါးလိုပါတယ်။

နောက်ဆီးချိုရောဂါနဲ့ ပတ်သက်ပြီး စောစောက လူနေမှုနေထိုင်ပုံ၊ စားသောက်ပုံ ဒါလေးတွေကို ဂရုစိုက်ဖို့ မှာကြားချင်ပါတယ်။ အချိုကို လျှော့စားဖို့၊ ကဆီဓာတ်ပါတဲ့ အစားအသောက်တွေကိုလည်း ဆင်ခြင်ပြီး စားသုံးဖို့ ဒီလိုနည်းအားဖြင့် မိမိရဲ့ သွေးချိုကို ထိန်းထားနိုင်ပါတယ်။ ဒါပေမယ့်လည်း လိုအပ်တဲ့အချိန်မှာဆိုရင် ဆရာဝန်တွေနဲ့ ပြသတိုင်ပင်ရမှာဖြစ်ပါတယ်။ စောစောက Tele-consultation, Tele-medicine ဆောင်ရွက်တာမျိုးရှိသလို၊ တကယ်တမ်းရောဂါ ကြီးမားလာတယ်ဆိုရင် ဆေးရုံ၊ ဆေးခန်းတွေကို မဖြစ်မနေ သွားရမှာ ဖြစ်ပါတယ်။

ပြည်သူ့ဆေးရုံတွေမှာလည်း အခုအချိန်မှာ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာဆိုရင် ကိုဗစ်လူနာတွေနဲ့ အလုပ်များနေတဲ့ အနေအထားမှာလည်း ရှိပါတယ်။ ဒါပေမယ့် ကိုဗစ်မဟုတ်တဲ့ လူနာတွေကိုလည်း ဆက်လက်ပြီး ကုသပေးနေတယ်ဆိုတာ ပြောကြားချင်ပါတယ်။

ဒီနေရာမှာ ဆက်စပ်ပြီး ဆေးရုံ၊ ဆေးခန်းတွေမှာ သွားပြဖို့အခက်အခဲတွေက လူနာကလည်း စိုးရိမ်တယ်။ ဆေးရုံတွေကလည်း ကိုဗစ်လူနာတွေ ပြန့်ပွားများပြားလာရင် ဆေးရုံကို ပိတ်ထားရတာ၊ Lockdown ချရတာ၊ ဆရာဝန်တွေကိုယ်နှိုက်က Quarantine ဝင်ရတာ ဒီလိုအခက်အခဲတွေကြောင့် ဆေးရုံနဲ့ ဆေးခန်းတွေက လွယ်လွယ်ကူကူ ပြည်သူတွေအတွက် လက်လှမ်းမမီ ဖြစ်နေပါတယ်။ အဲဒါမှာ အဓိက ကိုဗစ်ရောဂါနဲ့ ကိုဗစ်မဟုတ်တဲ့လူနာကို ပြင်ပဆေးရုံ၊ ဆေးခန်းတွေအားလုံးကလည်း ဒီလိုစစ်ဆေးခွင့်ရှိရင် ဒီအခက်အခဲက ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ကျော်လွှားနိုင်အောင်လည်း ညှိနှိုင်းလုပ်ဆောင်နေတယ်ဆိုတာ တစ်ပါတည်း တင်ပြအပ်ပါတယ်။

**ဆေးဝါးတွေ ပြတ်ဖို့မရှိ**

စောစောကဆေးဝါးတွေ မပြတ်ဖို့ဆိုတာက စိတ်ပူစရာမရှိဘူး ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဆေးဝါးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေက ပြည်သူတွေအတွက် မရှိမဖြစ်လုပ်ငန်းတွေဖြစ်တော့ နိုင်ငံတော်ကနေပြီး ခွင့်ပြုပံ့ပိုးနေတာဖြစ်တဲ့အတွက် အသုံးများတဲ့ဆေးတွေ ပြတ်ဖို့အကြောင်း ရှိမယ်မထင်ပါဘူး။

ဒါပေမယ့် ခဏခဏထွက်ပြီး ဝယ်ရ၊ ခြမ်းရတာမဖြစ်အောင် မိမိတို့အနေနဲ့ အသင့်အတင့် ဒါတွေ စုဆောင်းထားရင်လည်း မမှားပါဘူးလို့ ဖြေကြားလိုပါတယ်။

**စာမျက်နှာ ၂၁ သို့**

ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ဒေါက်တာထွန်းတင်၊ ပါမောက္ခ ဒေါက်တာမြင့်ဟန်နှင့် ပါမောက္ခ ဒေါက်တာဇော်လင်းအောင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

# ကိုဗစ်-၁၉ အမေး/အဖြေ

*** စာမျက်နှာ ၂၀ မှ**

**ဒေါက်တာထွန်းတင်။** ။ ဟုတ်ကဲ့ပါဆရာ၊ တော် တော် လေးလည်း ပြည့်ပြည့်စုံစုံ ဖြေတဲ့အတွက်ကြောင့်မို့ လူနာတွေအနေနဲ့က ဗဟုသုတလည်း တော်တော်လေးရမယ်လို့ ယူဆပါတယ်။ နောက် ဆရာပြောတာ မှန်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ဆေးတွေမပြတ်အောင်လို့ အသိပေးပြီး စီမံဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ထပ်မေးထားတဲ့မေးခွန်းတွေထဲမှာ ကြည့်လိုက်တဲ့အခါ လူနာတွေနဲ့ ပတ်သက်တဲ့ မေးခွန်းတွေပါ။ မေးခွန်းတွေက တော်တော်လေး များတဲ့အတွက်ကြောင့်မို့ ဆရာကြီး ပါမောက္ခ ဒေါက်တာဇော်လင်းအောင်အနေနဲ့ ခြုံငုံပြီးတော့ ဖြေကြားပေးဖို့ ပန်ကြားအပ်ပါတယ် ဆရာ။

**ပါမောက္ခ**

**ဒေါက်တာဇော်လင်းအောင်** ။ ။ ကျွန်တော့် အနေနဲ့ရရှိထားတဲ့မေးခွန်းတွေကို ဖြေကြားတဲ့အထဲမှာ အပိုင်း ၂ ပိုင်း ဖြေကြားလိုပါတယ်။

ပထမအပိုင်းမှာ အနှံ့ပျောက်ခြင်းနဲ့ ပတ်သက်လို့ ဒီအနှံ့ပျောက်ခြင်းသည် အခု ဒီကိုဗစ် - ၁၉ ရောဂါနဲ့ ပတ်သက်ပြီး လူတွေ အများစုသိလာကြတယ်။ အနှံ့ပျောက်လာလို့ ရှိရင်လည်း ဒါဆိုရင် ရောဂါဖြစ်နိုင်တယ်ဆိုတဲ့ အသိတွေရှိလာတဲ့အချိန်မှာ ရှေ့ယခင်က ပြောခဲ့တဲ့ဆရာကြီးတွေရဲ့ ပြောကြားချက်တွေထဲမှာလည်း အနှံ့ပျောက်ခြင်းအကြောင်းကို အသင့်အတင့် ပါရှိပြီးဖြစ်ပါတယ်။

ရန်ကုန် အထွေထွေရောဂါကုဆေးရုံ အသစ်ကြီးမှာ ဒီလူနာတွေကို ကုသနေတဲ့ သမားတော်ကြီးတစ်ယောက်အနေနဲ့ အနှံ့ပျောက်ခြင်းအကြောင်းတွေကို ထပ်မံပြီး ဖြည့်စွက်တင်ပြလိုပါတယ်။

**လတ်တလောအနှံ့ပျောက်ခြင်း**

အနှံ့ပျောက်ခြင်းဆိုတဲ့နေရာမှာ အရေးကြီးတဲ့အချက်ကတော့ လတ်တလော ရုတ်တရက် အနှံ့ပျောက်ခြင်းဖြစ်ပါတယ်။ ရေရှည်အနှံ့ပျောက်တဲ့သူတွေကို မဆိုလိုပါဘူး။ တချို့သောသူတွေသည် နှာခေါင်းရောဂါတွေရှိတယ်။ လေဝင်ရိုး ပိုးဝင်တဲ့ရောဂါတွေ ရှိတယ်။ အဲဒီလိုရောဂါတွေမှာ ကြာရှည်အနှံ့ပျောက်တာတွေ ဖြစ်တယ်။

ဒါပေမယ့် လူတစ်ယောက်က ယခင် အနှံ့ကောင်းကောင်းရရှိပြီး အနှံ့သည် လတ်တလော ရုတ်တရက် ပျောက်သွားရင် နည်းနည်းဂရုစိုက်ရမယ့် အနေအထားရှိပါတယ်။ ဒီလို အနှံ့ပျောက်တဲ့အခါမှာ သီးသန့် အနှံ့ပျောက်ခြင်းနဲ့ လာနိုင်သလို၊ အနှံ့ပျောက်ခြင်းနဲ့တွဲပြီး ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မောခြင်းနဲ့ တခြား လက္ခဏာတွေနဲ့တွဲပြီး လာနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့က ဒီအနှံ့ပျောက်တဲ့သူတွေ သို့မဟုတ် အနှံ့ပျောက်တာနဲ့ တခြားရောဂါတွေနဲ့ တွဲပြီးလာတဲ့သူတွေသည် ကိုဗစ်သံသယရှိတဲ့ လူနာဆိုပြီး စစ်ဆေးကုသမှုတွေ ပြုကြရပါတယ်။ ဒီတော့ ဘယ်လောက် ရာခိုင်နှုန်းတွေက အနှံ့ပျောက်နိုင်သလဲလို့မေးရင် နည်းနည်း အပြောင်းအလဲရှိပါတယ်။

နိုင်ငံတကာ စစ်ဆေးမှုတွေအရ ပျမ်းမျှ အားဖြင့် ၅၀ ရာခိုင်နှုန်းလောက်သည် အနှံ့ပျောက်နိုင်ပါတယ်လို့ ဆိုထားပါတယ်။ တချို့နေရာတွေမှာ ၃၀ ရာခိုင်နှုန်း အနှံ့ပျောက်တယ်။ တချို့လည်း ၇၀ ရာခိုင်နှုန်းလောက် အနှံ့ပျောက်တယ်။ အကြမ်းဖျင်း အားဖြင့် ၅၀ ရာခိုင်နှုန်းလောက် အနှံ့ပျောက်တယ်လို့ ဆိုလို့ရပါတယ်။

အနှံ့ပျောက်သွားပြီဆိုရင် ဘာလုပ်ရမလဲဆိုတော့ သူသည် ရုတ်တရက် အနှံ့ပျောက်တဲ့ လူနာတစ်ယောက်အနေနဲ့ ကိုဗစ် ဖြစ်နိုင်ခြေရှိလားဆိုပြီး နီးစပ်ရာ ဆေးခန်း သို့မဟုတ် ဆေးရုံကို ရောက်ရှိဖို့လိုပါတယ်။ ဆေးရုံကိုရောက်လာရင် သူတို့ကို အဲဒီ လက္ခဏာရှိတဲ့အတွက်ကြောင့်မို့ ကိုဗစ် သံသယရှိလူနာအဖြစ် သတ်မှတ်ပြီး စစ်ဆေး ကုသမှုတွေ ပြုပါတယ်။

**Test တွေက ကန့်သတ်ချက်ရှိ**

အဲဒီနေရာမှာလည်း အားလုံးသိကြတဲ့ မကြာသေးခင်က ရရှိတဲ့ Rapid Diagnostic Test လို့ခေါ်ပါတယ်။ အမြန်စစ်ဆေးလို့ရတဲ့ နည်းစနစ်တွေနဲ့ စစ်ဆေးတဲ့အခါမှာ သူရဲ့ ကန့်သတ်ချက်တွေရှိပါတယ်။ ရောဂါစတင်ပြီး မပေါ်ခင် ၂ ရက်ကနေပြီး ရောဂါစတင်ပေါ်ပြီး ၆ ရက်ဆိုတဲ့ ၈ ရက်အတွင်းမှာပဲ ဒီမြန်မြန် စစ်တဲ့ Test က မိတယ်။ ဒါမှမဟုတ်လို့ရှိရင် တချို့သော အနှံ့ပျောက်နေတဲ့ သူတွေက ၈ ရက်၊ ၉ ရက်လောက် ရှိပြီဆိုရင် ဒီ Test ထဲမှာ အနုတ်ပြနိုင်ပါတယ်။ Negative ပြနိုင်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဒီ Test တွေ စစ်တဲ့ အခါမှာ ဒီလိုမျိုး ကန့်သတ်ချက်တွေရှိတယ် ဆိုတာကို သိထားဖို့လိုပါတယ်။

ဒီအနှံ့ပျောက်တဲ့လူနာတွေက တစ်ခါတလေ ကျလို့ရှိရင် ဘယ်လိုဖြစ်လဲဆိုတော့ အိမ်မှာ နေကြတယ်။ အိမ်မှာနေရင်းနဲ့ ဆေးခန်းလည်း မသွားဖြစ်ဘူး၊ ဆေးရုံလည်း မရောက်ဖြစ်ဘူး ၉ ရက်တို့၊ ၁၀ ရက်တို့ ဖြစ်သွားတယ်။ တချို့လည်း ၁၁ ရက်ဖြစ်သွားတယ်။ ဒီမှာ ရောဂါ စပေါ်တဲ့အချိန်ကစပြီး ၁၁ ရက်ကြာလို့ရှိရင် ရောဂါလက္ခဏာရှိတဲ့အတွက်ကြောင့်မို့ ကိုဗစ် သံသယရှိလူနာအဖြစ် သတ်မှတ်ပြီး စစ်ဆေး ကုသမှုတွေ ပြုပါတယ်။

**ရောဂါလက္ခဏာပြပြီး ၁၁ ရက်နောက်ပိုင်းမှာ ဒီလူကို စစ်ကြည့်ရင် ရောဂါပိုးတော့ ရှိနေတယ်ဆိုတာ ပြကောင်းပြမယ်။ ဒါပေမယ့် ဒီလိုပြသမှုက ရောဂါပိုးအကောင်ကို စမ်းသပ်တာမဟုတ်ဘဲနဲ့ သူ့ဆီက အကြွင်းအကျန် အပိုင်းအစလေးတွေရှိနေရင်ကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုမှာ တွေ့ရှိရလို့ ဖြစ်ပါတယ်။**

**ဒါပေမယ့် ဒီရက်တွေမှာ သူသည် သူများကို ရောဂါကူးစက် ပြန့်ပွားနိုင်တဲ့အနေအထား မရှိတော့ဘူးဆိုတာတော့ နိုင်ငံတကာ အထောက်အထားတွေနဲ့ရော၊ လေ့လာမှုတွေအရ သိရှိရပါတယ်။**

ဒါကြောင့် ဆေးရုံကနေ ပြန်ပို့ပေးတဲ့ အခါ ကျန်းမာရေးဌာနက ကြီးကြပ်ရေးမှူးတွေ ရှိပါတယ်။ ဒီတော့ အခြားဆေးတွေ ဘာမှသောက်စရာမလိုပါဘူး။ စောစောကပြောတဲ့ လိုက်နာသင့်တာတွေ လိုက်နာမယ်။ အိပ်ရေးဝအောင် အိပ်မယ်။ အစားကောင်းကောင်းစားမယ်။ အချို့ ဗိုက်တာမင်စီလေးတွေ စားမယ်ဆိုရင် အနှံ့ပျောက်ခြင်းအတွက်ကို စိုးရိမ်စရာမရှိဘူးလို့ ဒီနေရာကနေ Information ပေးချင်ပါတယ်။

**ခိုင်မာမှန်ကန်မှုအရေးကြီး**

နောက်တစ်ပိုင်း တင်ပြချင်တာက ရောဂါနဲ့ပတ်သက်ပြီး သွေးထဲမှာ ပဋိပစ္စည်း ကိုယ်ခံအားကို Test လုပ်တဲ့ စက်ကလေးတွေ အခုပေါ်နေပါတယ်။ အဲဒီတော့ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ ခုခံအားကို စမ်းသပ်တဲ့အခါ အသုံးပြုတဲ့စမ်းသပ်မှု (Antibody Test) တွေသည် အရေးကြီးတာဘာလဲဆိုတော့ ဒီစမ်းသပ်မှုရဲ့ ခိုင်မာမှု၊ မှန်ကန်မှုက အလွန်အရေးကြီးပါတယ်။

ရောင်းချနေတဲ့ စက်တွေထဲမှာ အမျိုးစုံ ရှိနေပါတယ်။ စီးပွားရေးအရ ရောင်းချနေပါတယ်။ ဒါပေမယ့် ခိုင်မာမှုမရှိဘူး၊ တိကျမှုမရှိဘူး ဆိုရင် အဲဒီရဲ့ကောက်ချက်က မှားသွားနိုင်ပါတယ်။ ဒါပေမယ့် အခုမြန်မာပြည်မှာ ခိုင်မာမှု၊ တိကျမှုရှိတဲ့ စက်ကလေးတွေကို စပြီးတင်သွင်းလာတယ်။ သူရဲ့ ဆေးပစ္စည်းလေးတွေကို တင်သွင်းလာတယ်။ စစ်လို့ ရနေပါပြီ။ ဒီတစ်ပတ်ထဲမှာပဲ စတင်ပြီး စစ်မှာဖြစ်ပါတယ်။

ဒီလိုစစ်တော့ ဘာထူးမှာလဲလို့ဆိုရရင် ရောဂါကို စတင်ပြီးထိတွေ့တဲ့သူက ၂ ပတ်၊ ၁၄ ရက် အလွန်ကျရင် သူ့ရဲ့သွေးထဲမှာ ခုခံအားဆိုတဲ့ ပဋိပစ္စည်းတစ်ခု ပေါ်လာပါတယ်။ ဒီပဋိပစ္စည်းကို တိုင်းတာကြမယ်။ တိုင်းတာတဲ့အခါမှာလည်း တိုင်းတာပြီး ဒီလူဟာ သူရဲ့ရောဂါပိုးကို ထိတွေ့ပြီးတဲ့အခါမှာ သူက ပဋိပစ္စည်းပေါ်လာတဲ့အတွက် ကိုယ်ခံအားဆိုတာ ရှိလာတာတွေရှိသလို၊ တချို့ မထိတွေ့ရသေးရင် အဲဒီကိုယ်ခံအားဆိုတာ မပေါ်သေးပါဘူး။

**ကိုယ်ခံအားပေါ်ပြီဆိုရင်**

ဒါကြောင့် စတင်တဲ့ ပထမအဆင့်အနေနဲ့ ဒီရောဂါတွေကို ပြုစုစောင့်ရှောက်နေရတဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ကိုယ်ခံအား ပဋိပစ္စည်း ဘယ်လောက်ပေါ်လဲဆိုတာ ကျွန်တော်တို့ စတင်ပြီး စမ်းသပ်ပါတယ်။ စမ်းသပ်တဲ့အခါမှာလည်း တစ်ကြိမ်တည်း စမ်းသပ်လို့ မသေချာရင် နှစ်ကြိမ် စမ်းသပ်မှာ ဖြစ်ပါတယ်။ စမ်းသပ်ပြီးတဲ့အခါမှာ ကိုယ်ခံအားတွေ ပေါ်နေပြီဆိုရင်ဖြင့် ရောဂါကို ထိတွေ့ပြီးသားဖြစ်တယ်။ ရောဂါပိုး ဝင်ရောက်ပြီးသားဖြစ်တယ်။ တစ်ခါတစ်ရံ လက္ခဏာပြတယ်။ တစ်ခါတစ်ရံ လက္ခဏာမပြဘူး။ အဲဒီလိုမျိုး သတ်မှတ်လို့ ရပါတယ်။

ဒီမှာလည်း လူအများစုကို စစ်လိုက်ပြီး ဥပမာအားဖြင့် တစ်နိုင်ငံလုံးရဲ့ ၆၀ / ၇၀ ရာခိုင်နှုန်းသည် အဲဒီပဋိပစ္စည်းတွေ ပေါ်နေရင်တော့ ဝမ်းသာစရာကောင်းပါတယ်။ ဒါကို Herd Immunity လို့ ခေါ်ပါတယ်။ အဲဒါသည် ကူးစက်ခြင်းကြောင့် ရနိုင်သလို ကာကွယ်ဆေးထိုးခြင်းနဲ့လည်း ရနိုင်ပါတယ်။

ဒါကြောင့် အဲဒါတွေကို မျှော်လင့်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီစစ်ဆေးတဲ့ Test တွေပေါ့လေ။ Antibody Test လို့လည်း ခေါ်ပါတယ်။ စတင်တော့မှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ခိုင်မာမှု သေချာတဲ့စက်တွေလည်း အခုရရှိနေပါပြီ။ စစ်ပြီးတဲ့အခါမှာ အဲဒီကနေအခြေခံပြီး Strategy တွေ၊ နည်းဗျူဟာတွေကို ဘယ်လိုပြုလုပ်ကြမလဲ။ ဘယ်လိုရှေ့ဆက်လျှောက်ကြမလဲဆိုတဲ့ Idea တွေလည်း ရမှာဖြစ်ပါတယ်။

ဒါကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ အဲဒီအဖြေတွေအပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ချက်တွေချမယ်။ ချပြီးရင် ရှေ့ဆက်သွားရမယ့် လမ်းစဉ်တွေကို အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒါက Antibody Test လို့ခေါ်တဲ့ ပဋိပစ္စည်းစမ်းသပ်ခြင်းနဲ့ ပတ်သက်ပြီး အများပြည်သူကို ဗဟုသုတ အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

**ဒေါက်တာထွန်းတင်။** ။ ဆရာ ပြောတဲ့ အထဲမှာ လူတွေ စိတ်ဝင်စားနေတဲ့ အနှံ့ပျောက်တဲ့ကိစ္စ၊ ကိုယ်ခံအားကိစ္စတွေကို ရှင်းပြသွားတဲ့အတွက် ပြည်သူတွေလည်း နားလည်ပြီ၊ ရှင်းလောက်ပြီလို့ ထင်ပါတယ်။ ကုသရေးအပိုင်းနဲ့ ကာကွယ်ရေးအပိုင်းက ချိတ်ဆက်နေပါတယ်။ ဒီလိုအချိတ်အဆက်မိမှလည်း ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒီတော့ မေးခွန်းတွေလည်း တော်တော်များများ ကုန်သလောက်ရှိသွားပြီ။ ကျန်တဲ့ မေးခွန်းတွေထဲမှာ ရောဂါကူးစက်ပုံနဲ့ ကုသမှု ခံယူပြီး အိမ်ကိုပြန်နေတဲ့အခါ လက်ရှိကျင့်သုံးနေတဲ့ မူဝါဒတွေနဲ့ ပတ်သက်ပြီး မေးထားတဲ့ မေးခွန်းတွေ တွေ့ရလို့ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်လက်ပြီး ဖြေကြားသွားပါမယ်။

**ရောဂါပိုးအကြောင်းပိုသိလာ**

လက်ရှိ ကိုဗစ် - ၁၉ ရောဂါဟာ ပြောရမယ်ဆိုရင် အခါလည်သားလေးဖြစ်တော့မယ်။ ဒီလိုနဲ့ပဲ ကိုဗစ် - ၁၉ နဲ့ ကျွန်တော်တို့ အတူနေတာ ကြာလာတဲ့အခါမှာ တဖြည်းဖြည်းနဲ့ ရောဂါပိုးအကြောင်းကို ပိုပြီးသိလာတဲ့ အနေအထားလည်း ရှိလာပါတယ်။ အဓိက ရည်ရွယ်ချက်သည် ကူးစက်မှုကို လျှော့ချဖို့၊ ဖြတ်တောက်ဖို့ လုပ်နေတာ ဖြစ်ပါတယ်။

ဒီလိုလုပ်ရာမှာလည်း အားလုံးသိတဲ့အတိုင်း သီးခြားခွဲခြားထားရှိ ကုသမှု၊ အသွားအလာ ကန့်သတ်မှု၊ ပိတ်ပင်မှုတွေ လုပ်ဆောင်ရပါတယ်။ ဒီလို ဆောင်ရွက်ရာမှာလည်း တစ်သမတ်တည်းမဟုတ်ဘဲ ပြောင်းလဲလာတဲ့ အခြေအနေ၊ ရောဂါနဲ့ပတ်သက်ပြီး ပိုပိုသိလာတဲ့အကြောင်း အရာတွေကို WHO တို့၊ US CDC တို့နဲ့ နိုင်ငံတကာက အတွေ့အကြုံတွေအပေါ်မူတည်ပြီး ကျွန်တော်တို့ ပြောင်းလဲဆောင်ရွက်ရပါတယ်။

အားလုံး သတိထားမိကြမှာပါ။ အစပိုင်းမှာ ပြည်ပနိုင်ငံက ပြန်လည်ရောက်ရှိလာတဲ့ သူတွေကို အသွားအလာ ကန့်သတ်ထားရှိ ဆောင်ရွက်ရတာတွေ၊ ဒီလိုလုပ်တဲ့နေရာမှာ လည်း တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့ကြ တာတွေလည်းသိမှာပါ။ စစချင်းတုန်းကဆိုရင် အသွားအလာ တားမြစ်ခြင်းနဲ့ Quarantine ကို ၂၁ ရက်ထားရှိပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒုံအပြင်မှာ ဆေးရုံတက်ခဲ့ရတဲ့ လူနာတွေနဲ့ ပတ်သက်ပြီး လူနာတွေကို ရောဂါပိုး ရှိ / မရှိ၊ ရောဂါပိုးပျောက်တဲ့အထိ အထပ်ထပ် စစ်ဆေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါကလည်း အဲဒီအချိန်၊ အဲဒီကာလတုန်းက သိရတဲ့ ရောဂါပိုးအကြောင်းအပေါ် မူတည်ပြီး ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

အခု ဒီရောဂါပိုးနဲ့ပတ်သက်ပြီး ပိုပိုပြီး သိလာတဲ့အတွက် တချို့အချက်တွေကို ပြောင်းလဲခဲ့ပါတယ်။ ပထမဦးဆုံးပြောင်းလဲခဲ့ တဲ့အပိုင်းက ဆေးရုံဆင်းလူနာရဲ့ ဆေးရုံ တက်ရက်ကို ပြုပြင်ပြောင်းလဲတဲ့ ကိစ္စပါ။ ဒါကလည်း ခုနက ဆရာကြီးဇော်လင်းအောင် ရှင်းပြတဲ့ အထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ နိုင်ငံတကာအတွေ့အကြုံ၊ အထောက်အထား တွေအပေါ် မူတည်ပြီး ပြောင်းလဲရခြင်းဖြစ်ပါ တယ်။

**ပိုးအကောင်ကို စမ်းသပ်တာမဟုတ်**

ဒီအထောက်အထားက ဘာလဲဆိုတော့ ရောဂါလက္ခဏာပြပြီး ၁၁ ရက်နောက်ပိုင်းမှာ ဒီလူကို စစ်ကြည့်ရင် ရောဂါပိုးတော့ ရှိနေတယ်ဆိုတာ ပြကောင်းပြမယ်။ ဒါပေမယ့် ဒီလိုပြသမှုက ရောဂါပိုးအကောင်ကို စမ်းသပ်တာမဟုတ်ဘဲနဲ့ သူ့ဆီက အကြွင်းအကျန် အပိုင်းအစလေးတွေ ရှိနေရင်ကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုမှာ တွေ့ရှိရလို့ ဖြစ်ပါတယ်။

ဒါကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ အဲဒီအဖြေတွေအပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ချက်တွေချမယ်။ ချပြီးရင် ရှေ့ဆက်သွားရမယ့် လမ်းစဉ်တွေကို အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ဒါက Antibody Test လို့ခေါ်တဲ့ ပဋိပစ္စည်းစမ်းသပ်ခြင်းနဲ့ ပတ်သက်ပြီး အများပြည်သူကို ဗဟုသုတ အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

**ဒေါက်တာထွန်းတင်။** ။ ဆရာ ပြောတဲ့ အထဲမှာ လူတွေ စိတ်ဝင်စားနေတဲ့ အနှံ့ပျောက်တဲ့ကိစ္စ၊ ကိုယ်ခံအားကိစ္စတွေကို ရှင်းပြသွားတဲ့အတွက် ပြည်သူတွေလည်း နားလည်ပြီ၊ ရှင်းလောက်ပြီလို့ ထင်ပါတယ်။ ကုသရေးအပိုင်းနဲ့ ကာကွယ်ရေးအပိုင်းက ချိတ်ဆက်နေပါတယ်။ ဒီလိုအချိတ်အဆက်မိမှလည်း ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒီတော့ မေးခွန်းတွေလည်း တော်တော်များများ ကုန်သလောက်ရှိသွားပြီ။ ကျန်တဲ့ မေးခွန်းတွေထဲမှာ ရောဂါကူးစက်ပုံနဲ့ ကုသမှု ခံယူပြီး အိမ်ကိုပြန်နေတဲ့အခါ လက်ရှိကျင့်သုံးနေတဲ့ မူဝါဒတွေနဲ့ ပတ်သက်ပြီး မေးထားတဲ့ မေးခွန်းတွေ တွေ့ရလို့ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်လက်ပြီး ဖြေကြားသွားပါမယ်။

**ရောဂါပိုးအကြောင်းပိုသိလာ**

လက်ရှိ ကိုဗစ် - ၁၉ ရောဂါဟာ ပြောရမယ်ဆိုရင် အခါလည်သားလေးဖြစ်တော့မယ်။ ဒီလိုနဲ့ပဲ ကိုဗစ် - ၁၉ နဲ့ ကျွန်တော်တို့ အတူနေတာ ကြာလာတဲ့အခါမှာ တဖြည်းဖြည်းနဲ့ ရောဂါပိုးအကြောင်းကို ပိုပြီးသိလာတဲ့ အနေအထားလည်း ရှိလာပါတယ်။ အဓိက ရည်ရွယ်ချက်သည် ကူးစက်မှုကို လျှော့ချဖို့၊ ဖြတ်တောက်ဖို့ လုပ်နေတာ ဖြစ်ပါတယ်။

ဒီလိုလုပ်ရာမှာလည်း အားလုံးသိတဲ့အတိုင်း သီးခြားခွဲခြားထားရှိ ကုသမှု၊ အသွားအလာ ကန့်သတ်မှု၊ ပိတ်ပင်မှုတွေ လုပ်ဆောင်ရပါတယ်။ ဒီလို ဆောင်ရွက်ရာမှာလည်း တစ်သမတ်တည်းမဟုတ်ဘဲ ပြောင်းလဲလာတဲ့ အခြေအနေ၊ ရောဂါနဲ့ပတ်သက်ပြီး ပိုပိုသိလာတဲ့အကြောင်း အရာတွေကို WHO တို့၊ US CDC တို့နဲ့ နိုင်ငံတကာက အတွေ့အကြုံတွေအပေါ်မူတည်ပြီး ကျွန်တော်တို့ ပြောင်းလဲဆောင်ရွက်ရပါတယ်။

အားလုံး သတိထားမိကြမှာပါ။ အစပိုင်းမှာ ပြည်ပနိုင်ငံက ပြန်လည်ရောက်ရှိလာတဲ့ သူတွေကို အသွားအလာ ကန့်သတ်ထားရှိ ဆောင်ရွက်ရတာတွေ၊ ဒီလိုလုပ်တဲ့နေရာမှာ လည်း တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့ကြ တာတွေလည်းသိမှာပါ။ စစချင်းတုန်းကဆိုရင် အသွားအလာ တားမြစ်ခြင်းနဲ့ Quarantine ကို ၂၁ ရက်ထားရှိပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒုံအပြင်မှာ ဆေးရုံတက်ခဲ့ရတဲ့ လူနာတွေနဲ့ ပတ်သက်ပြီး လူနာတွေကို ရောဂါပိုး ရှိ / မရှိ၊ ရောဂါပိုးပျောက်တဲ့အထိ အထပ်ထပ် စစ်ဆေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါကလည်း အဲဒီအချိန်၊ အဲဒီကာလတုန်းက သိရတဲ့ ရောဂါပိုးအကြောင်းအပေါ် မူတည်ပြီး ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

